ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့ (24-9-2013) (၇၆၁၃)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၃-၉-၂၀၁၃

ချောင်းဆုံ	၁၁	ဒသမ	၃၄	လက်မ
ကျိုက္ကမီ	၈	ဒသမ	၂၃	လက်မ
ပေါင်	၆	ဒသမ	၉၃	လက်မ
မုဒုံ	၆	ဒသမ	၇၇	လက်မ
လောင်းလုံ	၆	ဒသမ	၄၆	လက်မ
မော်လမြိုင်	၆	ဒသမ	၀၆	လက်မ
မြိတ်	၄	ဒသမ	၉၂	လက်မ
ကျိုက်မရော	၄	ဒသမ	၇၉	လက်မ

မြန်မာနိုင်ငံအား ကူညီထောက်ပံ့ရန် ဂျပန်အထက်လွှတ်တော်က အထူးအာရုံစိုက်အလေးထားဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်အထက်လွှတ်တော်အမတ် Ms. Eriko Yamatani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် ဂျပန်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဂျပန်အထက်လွှတ်တော် ODA ဆိုင်ရာ လေ့လာရေးအဖွဲ့အဖြစ် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယမန်နှစ်ကလည်း ဂျပန်အထက်လွှတ်တော် ODA လေ့လာရေးအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအား ကူညီထောက်ပံ့ရန် ဂျပန်အထက်လွှတ်တော်က အထူးအာရုံစိုက်အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံ၌ ဖြစ်လာနိုင်သည့် အခြေအနေများကို သုံးသပ်ရန်နှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန် လာရောက်လေ့လာခြင်းဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ODA ချေးငွေဒေါ်လာ ၅ ဘီလီယံအား အသစ်စတင်ပေးအပ်ခဲ့ပါကြောင်း ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်း၊ ရန်ကုန်ရေပေးဝေရေး၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများအား ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်နေမှု၊ ရန်ကုန်-နေပြည်တော်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း၊ တံတားဦးလေဆိပ်၊ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်းတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်အထက်လွှတ်တော်အမတ် ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

ရေကြီးချိန် ကုန်တင်သင်္ဘောများ ပခုက္ကူမြို့သို့ အဝင်အထွက်များ

သတင်းနှင့်ဓာတ်ပုံ - နေဦးမောင်(ပခုက္ကူ)

ပခုက္ကူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သည် ဧရာဝတီမြစ်ကမ်း ကုက္ကိုလ်လှ မြစ်ဆိပ်သို့ ကန်ရာသီ တော်သလင်းလ ရေကြီးချိန် ဆန်တင်မော်တော်၊ သင်္ဘောကြီးများ၊ ဘိလပ်မြေအိတ်တင်သင်္ဘောကြီးများ အဝင်အထွက်များနေကြောင်း သိရသည်။ "ဒီနှစ်မှာ ပခုက္ကူကိုဆိုက်ကပ်တဲ့ ဆန်တင်မော်တော်ကြီးတွေက ပခုက္ကူဆန်တွေ မဟုတ်တော့ဘူး၊ မုံရွာ-ရေစကြို-မြင်းခြံ ဆန်တွေများလာတယ်၊ ပခုက္ကူကို ကြားစခန်းအဖြစ် သဘောထားလုပ်ဆောင်လာကြတယ်၊ ဆန်ကိုလည်း တိုက်ရိုက်မှာယူပြီး ဝယ်ယူလာကြတယ်၊ ရေကြောင်း ကျပ်ချိန်ဆိုရင်တော့ ပခုက္ကူမှာထားပြီး တစ်ဆင့်သယ်ကြတာပေါ့ဗျာ၊ အခု ရေကြီးချိန် မုံရွာအထိ တိုက်ရိုက်ဆန်တက်ရောင်းဝယ်နေကြပါတယ်" ဟု ပခုက္ကူဆန်ကုန်သည် တစ်ဦးက ပြောသည်။

ပခုက္ကူမြို့သည် ရှေးယခင်ကပင် ပုံတောင်ပုံညာနယ်၊ ကဘော်နယ်၊ ဗန်ကျီနယ်နှင့် ချင်းပြည်နယ်အထိ ဆန်တင်ပို့ရာမြို့ကြီးဖြစ်သည်။ ပခုက္ကူမြို့မှ ဆန်ကုန်သည်ကြီးများသည် မြောင်းမြ-ဟင်္သာတစသည့် မြစ်ဝကျွန်းပေါ်၌ ခြောက်လ၊ ပခုက္ကူ၌ခြောက်လနေထိုင်ပြီး ဆန်အရောင်းအဝယ်ပြုကြသည်။ စက်တင်ဘာလအတွင်း ဟင်္သာတ၊ မြောင်းမြမှဆန်အဝင်များနေပြီး တင်ပို့မှုများပါက တန်ဆာခသက်သာကြောင်း၊ ဆန်တင်ပို့မှုနည်းပါက တန်ဆာခ ဈေးနှုန်းမြင့်ကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပို ရှစ်မျက်နှာ ပါရှိပါသည်။

ယနေ့ **မာတိကာ**

သမ္မတရုံးဝန်ကြီးများ ချင်းပြည်နယ်အတွင်းရှိ ဒေသခံများနှင့် တွေ့ဆုံ — စာမျက်နှာ - ၃

တရုတ်နိုင်ငံတောင်ပိုင်း အူဆာဂီမုန်တိုင်းဝင်၊ ၂၅ ဦးသေဆုံး — စာမျက်နှာ - ၄

မြန်မာ-အမေရိကန် တောင်တက်အဖွဲ့နှင့် မီဒီယာတွေ့ဆုံပွဲ — စာမျက်နှာ - ၈

ကြေးမုံစာတည်းရှုထောင့် ၂၄-၉-၂၀၁၃၊ အင်္ဂါနေ့

လိုလျှင်ကြံဆ

"လိုလျှင်ကြံဆ နည်းလမ်းရ" ဟူသော ဆိုရိုးစကားနှင့်အညီ လူတို့သည် မိမိတို့အလိုရှိအပ်သည်တို့ကို မရရအောင် တွေးတောကြံဆအားထုတ်ကြသဖြင့် နည်းကောင်းလမ်းမှန်ရရှိကာ နောက်ဆုံးတွင် အောင်မြင်မှုတည်းဟူသော အကျိုးရလဒ်ကို ရရှိတတ်ပါသည်။

တစ်ခါ "လသာတုန်း ဗိုင်းငင်""မိုးရွာတုန်းရေခံ""နေပူတုန်း စပါးလှန်း" စသည့် ဥပမာစကားများကဲ့သို့ အခြေအနေအချိန်အခါပေးခိုက် လှံ့လစိုက်၍ အခွင့်အရေးကို မိမိရရ အသုံးချတတ်ပုံတို့ကိုလည်း မြန်မာမှုနယ်ပယ်တွင် ကြားဖူးကြပေလိမ့်မည်။

ဖော်ပြပါ နည်းလမ်း၊ အားထုတ်ပုံ၊ အခြေအနေအချိန်အခါကောင်းတို့ ပေါင်းရုံးစုဖွဲ့ဖြစ်ပေါ်လျက်ရှိပါက မည်သည့်အကြောင်းကိစ္စဟူသမျှ မရနိုင်ဟူ၍ ရှိမည်မဟုတ်ချေ။ မည်သည့်ကိစ္စတွင်မဆို လူကြံလျှင် အရာရာကို ဖန်တီးနိုင်စွမ်းရှိပါသည်။

မျက်မှောက်ကာလတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကဏ္ဍအလိုက်ပြုပြင်ပြောင်းလဲ ဖော်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ မူလအခြေအနေနှင့် ကိုက်ညီသည့် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိရာ ယခုအခါ စတင်အကောင်အထည်ဖော်လျက်ရှိပြီး အောင်မြင်မှုလမ်းစများကိုပင် မြင်တွေ့နေရပြီဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် မူလက ဓားမဦးချမိရိုးဖလာစိုက်ပျိုးပုံ စိုက်ပျိုးနည်းများဖြင့် ဆောင်ရွက်လာကြရာ အကြောင်းအမျိုးမျိုးသော အခက်အခဲများ၊ ခေတ်မမီတော့သည့် နည်းစနစ်များကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် တိုးတက်မှုများလျော့နည်းလာသည်ကို ကြားသိကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီး အရှေ့ဘက်နိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီသောနည်းစနစ်များဖြင့် ပြောင်းလဲဆောင်ရွက်နိုင်သောကြောင့် အောင်မြင်ဖြစ်ထွန်းနေသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။ ထိုနိုင်ငံများသည် မိမိတို့နိုင်ငံကဲ့သို့ မြေနှင့်ရေအလုံအလောက်မရှိပါ။

ထိုအခါ လိုလျှင်ကြံဆ နည်းလမ်းရဆိုသကဲ့သို့ ရေမရှိလျှင် ရေရှိအောင်၊ မြေမရှိလျှင် မြေရှိအောင် လုပ်နိုင်သည့် လုံ့လဝီရိယ၊ တီထွင်ကြံဆမှုနှင့် အခြေအနေ အချိန်အခါကောင်းတို့ကို အသုံးချနိုင်မှုတို့ကြောင့် ယနေ့ကာလ၌ အဘက်ဘက်တွင် တိုးတက်အောင်မြင်သော နိုင်ငံများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် မြေယာပြုပြင်ပေးနိုင်မှုသည် ဦးဆုံးလိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်ကချမှတ်ထားသော လယ်ယာပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းစဉ် (၅)ရပ်တွင် ခေတ်မီမြေယာပြုပြင်မှု လုပ်ငန်းစဉ်တစ်ရပ်လည်း ပါဝင်ပါသည်။

ယင်းခေတ်မီမြေယာပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ စက်အင်အား၊ ခနအင်အားများ ပါဝင်လာမည်ဖြစ်ပါသည်။ တောင်သူလယ်သမားများ အနေဖြင့် ခေတ်မီမြေယာပြုပြင်ခြင်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ ဆောင်ရွက်နိုင်မည်ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အကြီးစားလယ်ယာမြေများ ပေါ်ထွန်းလာရေးအတွက် အကူအညီအထောက်အပံ့များ လိုအပ်လာမည်မှာ အမှန်ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံနှင့် ဂျပန်၊ ကိုရီးယားနိုင်ငံတို့အကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အစိုးရ အချင်းချင်းအဆင့်မှ လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန်ပူးပေါင်း ဆောင်ရွက်သည့်အဆင့်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

မိမိတို့မနိုင်သောအားကို ပြည်ပမှပူးပေါင်းထောက်ပံ့မှုများနှင့် သက်ဆိုင်ရာက ပါဝင်ကူညီမှုများနှင့် ပေါင်းစပ်ကာ ဝိုင်းဝန်းကြံဆ ဆောင်ရွက်ကြလျှင် အစိမ်းရောင်မြကမ္ဗလာနှင့် ရွှေဝါရောင်လွှမ်းသည့် မြန်မာ့လယ်ယာမြေများ ဖြစ်ထွန်းလာမည်ဖြစ်သည်။

ထို့ကြောင့် လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသကဲ့သို့ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအချိန်အခါကောင်းကို ထိထိမိမိအသုံးချကာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးမှ ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်ကြီး ပေါ်ထွန်းရေးအတွက် ဝိုင်းဝန်းဖြန့်ကြက်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဦးနန္ဒကျော်စွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပသည့် နိုင်ငံတကာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် တရုတ်-တောင်အာရှဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ**(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၉-၂၀၁၃ (အင်္ဂါနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၇း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	မြဝတီနေ့စဉ်သတင်း
၈း၅၅	ခရီးလည်းသွား စကားလည်းဆို
၄း၂၀	မျိုးချစ်တပ်မတော်
၄း၃၅	အင်္ဂလိပ်စာသုတ
၅း၂၂	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်စံအိမ် (ဒုတိယတွဲ) (အပိုင်း-၃၃)
၆း၀၅	အမျိုးသားရေးတေးကဗျာ
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းသမားဘတ်ဒုန်းဆု (အပိုင်း-၁၇)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ဟာသရုပ်စုံ -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ" (အပိုင်း-၅၈)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်	ရွှေဈေး	၆၉၄၄၀၀	-	၆၉၅၄၀၀
မန္တလေး	ရွှေဈေး	၆၉၄၂၀၀	-	၆၉၅၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၆. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၃၅၇
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၃၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၆၃၉
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၁. ၁၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၄၁၅
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၃. ၄၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၈. ၇၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

စာအုပ်စာပေ လူ့မိတ်ဆွေ



သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ
ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ဟားခါး စက်တင်ဘာ ၂၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် ချင်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက် ၈ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလေ့လာသုံးသပ်ချက်နှင့် ရှေ့အလားအလာကိစ္စများ၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ် လိုအပ်နေမှုများနှင့် အုပ်ချုပ်ရေးအပိုင်းအနေဖြင့် ပြည်သူများပါဝင်သည့် အုပ်ချုပ်ရေး ဝန်ဆောင်မှုစနစ်သို့ ကူးပြောင်းနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ဆက်သွယ်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် သမ္မတရုံး ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲ ၁၂ နာရီခွဲတွင် အခမ်းအနားပြီးစီးခဲ့ကြောင်း သိရသည်။

(ချင်းပြည်နယ် ပြန်/ဆက်)

✱ ရေကြီးချိန်မှ

တန်ဆာခသည် မြောင်းမြ-ပခုက္ကူ အထိ ဆန်တစ်အိတ် ကျပ် ၁၀၀၀ ဝန်းကျင်ရှိသည်။ မိုးရာသီ ပခုက္ကူဆန်ဈေးကွက်သည် ရွှေဘိုဆန်အလာနည်းပြီး မြစ်ဝကျွန်းပေါ်ဆန် အဝင်များလျက်ရှိသည်။ ဆန်ဈေးနှုန်းမှာလည်း ရွှေဘိုပေါ်ဆန်း ကျပ် ၃၃၀၀၀၊ ကျပ် ၃၄၀၀၀၊ မြောင်းမြ ပေါ်ဆန်း ကျပ် ၃၂၀၀၀၊ ကျပ် ၃၃၀၀၀ ရှိပြီး ပေါ်ဆန်းဆိုလျှင် ပခုက္ကူဒေသခံများက ရွှေဘိုပေါ်ဆန်းကို ကြိုက်နှစ်သက်ကြောင်း သိရသည်။ မြောင်းမြနွေဆန် ကျပ် ၁၉၀၀၀/၁၅၀၀၀ နှုန်း၊ မိုးဆန် ကျပ် ၂၂၀၀၀/၂၃၀၀၀ ဝန်းကျင်ရှိသည်။

မိုးဆန်သည် ဒီဇင်ဘာလမှ ဧပြီလအတွင်း၊ နွေဆန်သည် ဧပြီလမှ စက်တင်ဘာလအထိ အဝင်များသည်။ ယင်းလများအတွင်း ဆန်အိတ်ရေငါးသောင်းမှ တစ်သိန်းကြားဝင်ရောက်လျက်ရှိကြောင်း သိရသည်။ မြောင်းမြနဲ့ ပခုက္ကူကို ဆန်တင်မော်တော်ကြီးတွေ ဆယ်ရက်ခန့်ကြာပါတယ်၊ သင်္ဘောတစ်စင်း ဆန်အိတ်ရေ တစ်သောင်း၊ တစ်သောင်းခွဲဝန်းကျင်ပါပါတယ်၊ ပခုက္ကူမှာ ဆန်ကုန်သည်ကြီးနှစ်ဆယ်ခန့်နဲ့ လက်လီဆန်ဆိုင်တစ်ရာကျော်ရှိပါတယ်" ဟု မြို့မဈေးဆန်ကုန်သည်တစ်ဦးက ပြောသည်။ ဆန်အရောင်းအဝယ်ကောင်းသောလမှာ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလဖြစ်ပြီး အထူးရောင်းအား ကောင်းကြောင်း သိရသည်။

ပထမအကြိမ် ကရင်ပြည်နယ် လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၃

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်အတွင်း ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၃၇၀ မီးလင်းပြီ

မန္တလေး စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရက တာဝန်ယူဆောင်ရွက်ခဲ့သော လပေါင်း ၃၀ အတွင်း ကျေးရွာများအား တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ကျေးရွာပေါင်း ၃၇၀ မီးလင်းခဲ့ပြီး ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောင်ရွက်မှုကြောင့် ရွာပေါင်း ၂၉၂ ရွာ မီးလင်းခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မီးလင်းပြီး ကျေးရွာပေါင်း ၂၅၅၅ ရွာ၊ မီးလင်းရန် ၂၂၂၅ ရွာ ကျန်ရှိနေသေးကြောင်း သိရသည်။

ကျန်ရှိနေသော ရွာများမှ ၇၇၉ ရွာသည် ဓာတ်အားလိုင်း၏ နှစ်မိုင်အတွင်း တည်ရှိနေသဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကူညီပေးသွားမည်ဖြစ်ပြီး ကျန် ၁၄၄၆ ရွာအား ဆိုလာစနစ်ဖြင့်လည်းကောင်း၊ ဒီဇယ်အင်ဂျင်ဖြင့်လည်းကောင်း၊ ရေအားလျှပ်စစ်ဖြင့်လည်းကောင်း ဒေသခံတို့၏ တောင်းဆိုမှုအပေါ် မူတည်၍ ၂၀၁၄ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်က ကျင်းပသော မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောကြားသည်။

အေးမြ(မန္တလေး)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲများ နေပြည်တော်ရှိ ဈေးအသီးသီးတွင် တစ်ပြိုင်တည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၃

မီးဘေးအန္တရာယ်သည်အချိန်အခါမရွေး ဖြစ်ပွားနိုင်ပြီး မလိုလားအပ်ဘဲ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန၏ လမ်းညွှန်မှုဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးများတွင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲများအား ယနေ့ နံနက် ၈ နာရီခွဲမှ ၉ နာရီခွဲထိ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြသည်။**(ယာပုံ)**

ထို့နောက် အခမ်းအနားတွင် သက်ဆိုင်ရာ မီးသတ်ဦးစီးအရာရှိများမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောဆွေးနွေးခဲ့ကြပြီး မီးသတ်ဆေးဘူးများ အသုံးပြုပုံနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြကာ ဈေးဝန်ထမ်းများ၊ ဈေးသူ ဈေးသား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးမှန်သမျှ သုံးတတ်က
မုချမီးဘေး စဉ်ကင်းဝေး**

ကမ္ဘောဒီးယားလွှတ်တော်အစည်းအဝေးစတင်၊ အတိုက်အခံများသပိတ်မှောက်ကြ

ဖနောင်ပင်　　စက်တင်ဘာ　　၂၃

ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင်လကကျင်းပသော ရွေးကောက်ပွဲရလဒ်အပေါ် အငြင်းပွားမှုဖြစ်ပွားပြီး နိုင်ငံရေးအခြေအနေ ရှေ့မတိုးနောက်မဆုတ်သာဖြစ်လျက်ရှိရာ ကျင်းပသော လွှတ်တော်အစည်းအဝေးဖွင့်ပွဲ**(ယာပုံ)**သို့ အတိုက်အခံများက တက်ရောက်ခြင်းမရှိဘဲ သပိတ်မှောက်ကြကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီ(စီအန်အာပီ)၏ လွှတ်တော်အမတ် ၅၅ ဦးသည် ရွေးကောက်ပွဲရလဒ်ကို ကန့်ကွက်သောအားဖြင့် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်ကြပေ။

နိုင်ငံတော်အာဏာကို ၂၈ နှစ်ကြာရယူထားသော ဝန်ကြီးချုပ် ဟွန်ဆန်ခေါင်းဆောင်သည့် ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)သည် ရွေးကောက်ပွဲတွင် မဲလိမ်မှုများပြုလုပ်ခဲ့ကြောင်း စီအန်အာပီကစွပ်စွဲသည်။ စီပီပီပါတီသည် အမတ်နေရာ ၆၈ နေရာသာ အနိုင်ရခဲ့သည့်အတွက် လွှတ်တော်တွင် အင်အားကျဆင်းခဲ့သည်။

မဲပေးပွဲတွင် မတရားနည်းလမ်းများကျင့်သုံးခဲ့သဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အလိုရှိကြောင်း ဆန်ရိမ်းစီးဦးဆောင်သည့် အတိုက်အခံပါတီက ထုတ်ဖော်တောင်းဆိုသည်။ ယင်းကိစ္စကို အစိုးရကတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း အကောင်အထည်ဖော်ရန်ငြင်းဆိုခဲ့သည်။

အတိုက်အခံလွှတ်တော်အမတ်များသည် ရှေးဟောင်း အန်ကောဝပ်ဘုရားပရိဝုဏ်အတွင်း၌ ဆွေးနွေးညှိနှိုင်းကြပြီး လွတ်လပ်သောစုံစမ်းစစ်ဆေးမှု မပြုလုပ်သမျှကာလပတ်လုံး လွှတ်တော်အတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် ကတိပြုခဲ့ကြသည်။

ဘီဘီစီ။

နျူကလီးယားစက်ရုံသစ်တည်ဆောက်ရန် ရုရှားနှင့် အီရန် သဘောတူ

တီဟီရန်　　စက်တင်ဘာ　　၂၃

အီရန်နိုင်ငံနှင့်ရုရှားနိုင်ငံတို့သည် နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါသဘောတူညီချက်ကို မကြာသေးမီကကျင်းပခဲ့သည့် အီရန်-ရုရှား စီးပွားရေးပူးပေါင်းကော်မရှင်တွင် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းအကြီးအကဲ အလီအက်ဘာဆာလီဟီ၏ ပြောကြားချက်ကို ကိုးကား၍ ပရက်စ်တီဗွီသတင်းဌာနက ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် မဂ္ဂါဝပ် ၁၀၀၀ ရှိ ဘူရှဲနျူကလီးယားစက်ရုံ**(အပေါ်ပုံ)**ကို နှစ်နှစ် ယာယီထိန်းချုပ် ကန့်သတ်ထားသည်။ ဆာဟီလီက အီရန်နိုင်ငံအနေဖြင့် ယာယီထိန်းချုပ်ကန့်သတ်ထားသည့်ကာလ ကျော်လွန်သွားပါက အဆိုပါစက်ရုံကို အပြည့်အဝအသုံးပြုနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဘူရှဲနျူကလီးယားစက်ရုံမှာ တရားဝင်ဖွင့်လှစ်ထားနိုင်ခဲ့ပြီး အီရန်နိုင်ငံ၏ အမျိုးသားလျှပ်စစ်ဓာတ်အားကွန်ရက်စနစ်နှင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ချိတ်ဆက်နိုင်ခဲ့သည်။ ဆာဟီလီက ဘူရှဲနျူကလီးယားစက်ရုံ၏ ဒုတိယယူနစ်ကိုလည်း မကြာမီ တည်ဆောက်နိုင်မည်ဟုမျှော်လင့်ကြောင်း စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး လီဗန်ဒက်ဟာဂါယန်က ရုရှားနိုင်ငံအနေဖြင့် အီရန်နိုင်ငံနှင့် နျူကလီးယားအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ယခုလအစောပိုင်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဆင်ဟွာ။

တရုတ်နိုင်ငံတောင်ပိုင်း အူဆာဂီမုန်တိုင်းဝင်၊ ၂၅ ဦးသေဆုံး

ပေကျင်း　　စက်တင်ဘာ　　၂၃

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် အူဆာဂီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး**(အောက်ပုံ)**အနည်းဆုံး ၂၅ ဦး သေဆုံးကြောင်း အစိုးရက တနင်္လာနေ့တွင် ကြေညာသည်။

အချို့နေရာများ၌ စံချိန်တင်လေတိုက်နှုန်းအဖြစ် တစ်နာရီလျှင် မိုင် ၁၁၀တိုက်ခတ်ရာ သစ်ပင်များလဲကျကာ ကားများလည်း လမ်းဘေးသို့လွင့်ပါသွားကြသည်ဟုဆိုသည်။ အချို့မှာ ရေနစ်၍လည်းကောင်း၊ အပျက်အစီးများ ထိခိုက်သဖြင့်လည်းကောင်း သေဆုံးကြရခြင်းဖြစ်သည်။

မုန်တိုင်းဒဏ်ကို တရုတ်ပြည်မကြီးမှ လူဦးရေ ၃ ဒသမ ၅ သန်း ခံစားရသည်။ ကွမ်ကျိုးမှ ပေကျင်းသို့ခုတ်မောင်းသော ရထားများကိုရပ်ဆိုင်းထားပြီး ကွမ်ကျိုး၊ ရှင်ကျင့်နှင့် ဟောင်ကောင်တို့မှ ရာပေါင်းများစွာသော လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

သို့သော် ဟောင်ကောင်မှာ မုန်တိုင်း၏ဆိုးရွားသောဒဏ်မှ လွတ်ကင်းခဲ့သည်။မုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဆက်လက်ဝင်ရောက်လာစဉ် တဖြည်းဖြည်းအင်အားလျော့ပါးလာကြောင်း မိုးလေဝသပညာရှင်များကပြောသည်။

ဖူကျန်ပြည်နယ်တွင် ပြည်သူ ၈၀၀၀၀ကျော်ကို နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးအလုပ်သမား အနည်းဆုံး ၅၀၀၀၀ကျော်ကို အာဏာပိုင်များက တာဝန်ချထားကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကွမ်တုန်ပြည်နယ်မှ လျှပ်စစ်ဓာတ်အားပေးလိုင်းများကို ဖြတ်တောက်ထားသည်။ လူနေအိမ်ခြေ ၇၁၀၀ ကျော် ပျက်စီးသွားပြီး စီးပွားရေးဆုံးရှုံးမှု ဒေါ်လာ ၅၂၆သန်းနှင့်ညီမျှသော ယွမ်ငွေ ၃ ဒသမ ၂၄ ဘီလီယံဆုံးရှုံးကြောင်း ဆင်ဟွာက ဖော်ပြသည်။

ဘီဘီစီ။

မြောက်ကိုရီးယားက ဒုံးကျည်အင်ဂျင်စမ်းသပ်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်

ဝါရှင်တန်　စက်တင်ဘာ　၂၃

ဂြိုဟ်တုမှရိုက်ကူးခဲ့သော ဓာတ်ပုံများအရ ဩဂုတ်လအတွင်းတွင် မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးကျည်အင်ဂျင်စမ်းသပ်မှုပြုလုပ်ခဲ့သည်မှာ သေချာသလောက်ရှိကြောင်း အမေရိကန်ခွဲခြမ်းစိတ်ဖြာလေ့လာမှုအဖွဲ့က ပြောကြားသည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံရှိ ဆိုဟေးဂြိုဟ်တုလွှတ်တင်ရေးအခြေစိုက်စခန်း၌ လှုပ်ရှားမှုအသစ်များတွေ့ရှိရသည်ဟု ဂြိုဟ်တုဓာတ်ပုံများက ပြသနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယမန်နှစ် ဒီဇင်ဘာလအတွင်းက အာကာသအတွင်းသို့ ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့ကြောင်း၊ ယင်းဒုံးကျည်ပစ်လွှတ်အောင်မြင်မှုကြောင့် ၎င်း၏အိမ်နီးချင်းနိုင်ငံများက ဒေါသထွက်ခဲ့ကြပြီး ယင်းဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုမှာ တာဝေးပစ်ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်းကို အယောင်ဆောင်ဖုံးကွယ်မှုအဖြစ် ပြောကြားခဲ့သည်။

ယခုရရှိသော ဂြိုဟ်တုဓာတ်ပုံများမှာ ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်အတွင်း ဒုံးအင်ဂျင်စမ်းသပ်မှုပုံရိပ်များဖြစ်ကြောင်း တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ ပူးတွဲဆောင်ရွက်နေသည့် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ၃၈ မြောက်အမည်ရှိ အင်တာနက်ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြသည်။

ပထမဆုံးသော ဂြိုဟ်တုဓာတ်ပုံတွင် ဆိုဟေးဂြိုဟ်တုလွှတ်တင်ရေးစခန်း၌ ဒုံးကျည်ဖြစ်တန်ရာဖွယ်သော အကျယ် ၂ ဒသမ မီတာ(ရှစ်ပေ)နှင့် အရှည်ကိုးမီတာ(ပေ ၃၀)ရှိ အရာဝတ္ထုကိုဖော်ပြသည်ဟု သတင်းတွင် ဖော်ပြသည်။

ဘီဘီစီ။

နိုင်ငံတကာရေးရာ at0rfpk

➢ ကုလသမဂ္ဂ အင်တာနက်သုံးစွဲမှုကော်မရှင်က ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုမှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် သန်း ၂၀၀ ခန့် လျော့နည်းနေကြောင်း စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကွာဟချက်သည် အပြောင်းအလဲမရှိ ဤအတိုင်းဆက်သွားနေမည်ဆိုပါက လာမည့်သုံးနှစ်အတွင်း သန်း ၃၅၀ အထိ တိုးမြင့်လာမည်ဖြစ်ကြောင်း သတိပေးထားပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကွာဟချက်မှာ ပိုမိုများပြားကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

➢ ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်အနေဖြင့် ဓာတုလက်နက်များဖျက်ဆီးစွန့်ပစ်ရန် အာမခံထားပြီး ကတိပျက်ကွက်ခဲ့ပါက ရုရှား၏ထောက်ခံမှု ကျဆင်းသွားနိုင်ကြောင်း ရုရှားထိပ်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ရေးသားဖော်ပြသည်။ အာဆတ်အနေဖြင့် ဓာတုလက်နက်များ ဖျက်ဆီးစွန့်ပစ်ရန် လိမ်ညာလှည့်စားနေမည်ဆိုပါက ရုရှား၏အနေအထား ပြောင်းလဲသွားနိုင်ကြောင်း သမ္မတပူတင်၏ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ဆာဂျီအိုင်ဗန်နော့ဗ်က ပြောကြားသည်။

➢ တရုတ်နိုင်ငံသည် မိုးလေဝသဆိုင်ရာအချက်အလက်များလေ့လာမည့် ဂြိုဟ်တုတစ်စင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီ ၇ မိနစ်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ထိုင်ယန်ဂြိုဟ်တုလွှတ်တင်ရေးဗဟိုဌာနက ပြောကြားသည်။ တတိယမြောက်လွှတ်တင်သည့် ဖန်ကျိုယွမ်-၃ ဂြိုဟ်တုကို Long March-4C ဒုံးပျံဖြင့် သယ်ဆောင်သွားပြီး ကမ္ဘာပတ်လမ်းကြောင်းအတွင်း ယခင်လွှတ်တင်ထားသည့် ဂြိုဟ်တုနှစ်စင်းနှင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

➢ တရုတ်နိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ် ဝန်ကျန်လင်းပိုင်ဆိုင်သည့် Dalian Wanda Group က နိုင်ငံအရှေ့ပိုင်းကမ်းခြေ ချင်းသောင်မြို့တွင် ကမ္ဘာ့အကြီးဆုံး ရုပ်ရှင်စတူဒီယိုတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။ အဆိုပါ ရုပ်ရှင်စတူဒီယိုကို တရုတ်ယွမ် ဘီလီယံ ၃၀ (အမေရိကန်ဒေါ်လာ ၅ ဘီလီယံ)ရင်းနှီးမြှုပ်နှံတည်ဆောက်သွားမည်ဖြစ်ပြီး ရုပ်ရှင်ရုံတစ်ရုံ၊ ဖယောင်းရုပ်တုပြတိုက်၊ ကုန်စည်ပြပွဲဗဟိုဌာန၊ အပျော်စီးသင်္ဘော၊ ဟိုတယ်၊ ယဉ်ကျေးမှုအဆောက်အအုံနှင့် ခရီးသွားဧည့်သည်များဆွဲဆောင်ရာနေရာများပါဝင်မည်ဖြစ်သည်။

➢ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မွတ်စလင်သူပုန်အဖွဲ့တစ်ဖွဲ့က အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်ငြင်းဆိုပြီး လုံခြုံရေးတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ဓားစာခံများကို ဖမ်းဆီးသွားခဲ့သည်။ အစိုးရတပ်ဖွဲ့များက မစ်ဆာရပ်မြို့နယ်တွင် သူပုန်များနှင့် တိုက်ခိုက်လျက်ရှိပြီး ပြန်လည်ဆုတ်ခွာသွားသောသူပုန်များမှာ အုပ်စုများကွဲပြီး ကျောင်းဆရာ လေးဦးနှင့် လယ်သမား ၁၁ ဦးကို ဓားစာခံအဖြစ်ဖမ်းဆီးသွားခဲ့သည်ဟု ဆိုသည်။

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများသို့ အသိပေးကြေညာချက်

၁။ လက်ရှိပင်စင်လစာခံစားလျက်ရှိသော အငြိမ်းစားများအတွက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးမိန့်ထုတ်ပြန်ပေးပြီး ပင်စင်စားဦးရေမှာ ၅၁၀၈၆၀ ဦး၊ လစာငွေထုတ်ပေးပြီး ဦးရေမှာ ၃၁၉၂၁၂ ဦးဖြစ်ပါ၍ လစာထုတ်ယူရန် ကျန်ရှိသူဦးရေမှာ ၁၉၁၆၄၈ ဦး ဖြစ်ပါသည်။

၂။ တိုးမြှင့်ပင်စင်လစာသစ်အား မြန်မာ့စီးပွားရေးဘဏ်များတွင် ပိတ်ရက်မှအပ နေ့စဉ်ထုတ်ပေးလျက်ရှိပါသဖြင့် ဆက်သွယ်ထုတ်ယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ ပင်စင်လစာသစ်ခံစားခွင့်မရရှိသေးသော ကာကွယ်ရေးပင်စင်စားများသည် သက်ဆိုင်ရာကာကွယ်ရေးငွေစာရင်းရုံးခွဲများသို့ ဆက်သွယ်ဆောင်ရွက်ပါရန်နှင့် မြို့ပြပင်စင်စားများသည် မိမိတို့နှင့်နီးစပ်ရာ ပင်စင်ဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီးရုံးနှင့် ပြည်နယ်ရုံးများသို့ အောက်ပါဖုန်း/Fax နံပါတ်များဖြင့် ဆက်သွယ်သတင်းပေးပို့ကြပါရန်၊ တိုးမြှင့်ပင်စင်လစာသစ်ခံစားခွင့်အမြန်ဆုံးရရှိရေးနှင့် ပင်စင်စားများ၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

စဉ်	ရုံးချုပ်နှင့်ပြည်နယ်/တိုင်းဒေသကြီး	လိပ်စာ	Fax နံပါတ်	ဖုန်းနံပါတ်
၁	ပင်စင်ဦးစီးဌာန(ရုံးချုပ်)	ရုံးအမှတ်(၃၄)၊နေပြည်တော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန	၀၆၇-၄၁၀၄၁၉	၀၆၇-၄၁၀၄၁၅ ၀၆၇-၄၁၀၄၁၈ ၀၆၇-၄၁၀၃၇၂ ၀၆၇-၄၁၀၅၂၁
၂	ရန်ကုန်တိုင်းဒေသကြီး	အမှတ်(၂၇)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့	၀၁-၃၇၄၇၆၅	၀၁-၃၇၆၆၄၀ ၀၁-၃၇၆၆၈၅
၃	ဧရာဝတီတိုင်းဒေသကြီး	အမှတ်(၅)၊ ကုန်စုံလမ်း၊ မြို့မဈေးအနောက်ဘက်၊ပုသိမ်မြို့	၀၄၂-၂၅၅၅၃	၀၄၂-၂၅၅၅၃
၄	ရခိုင်ပြည်နယ်	ဆင်ကူးလမ်း၊ သင်္ဘောဆိပ်အနီး၊ စစ်တွေမြို့	၀၄၃-၂၄၂၇၃	၀၄၃-၂၄၃၁၅
၅	မွန်ပြည်နယ်	ဘိုကုန်းရပ်၊ မော်လမြိုင်မြို့	၀၅၇-၂၇၁၅၀	၀၅၇-၂၇၁၅၀
၆	ကရင်ပြည်နယ်	သီရိလမ်း၊(၄)ရပ်ကွက်၊ဘားအံမြို့	၀၅၈-၂၂၅၂၂	၀၅၈-၂၂၅၂၂
၇	တနင်္သာရီတိုင်းဒေသကြီး	ဆိပ်ကမ်းသာလမ်း၊တိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့	၀၅၉-၂၁၆၅၇	၀၅၉-၂၃၄၉၃
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	မြို့တွင်းကြီးရပ်၊ပဲခူးမြို့	၀၅၂-၂၁၂၁၆	၀၅၂-၂၁၂၁၆ ၀၅၂-၂၁၀၁၇
၉	ပဲခူးတိုင်းဒေသကြီးရုံးခွဲ (ပြည်မြို့)	ဆင်စုရပ်၊ ပြည်မြို့	၀၅၃-၂၆၄၇၆	၀၅၃-၂၆၄၇၆
၁၀	မန္တလေးတိုင်းဒေသကြီး	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	၀၂-၃၅၈၂၇	၀၂-၇၁၈၃၂
၁၁	မကွေးတိုင်းဒေသကြီး	စိုးကောမင်းရပ်၊မကွေးမြို့	၀၆၃-၂၅၅၈၁	၀၆၃-၂၅၅၈၁
၁၂	စစ်ကိုင်းတိုင်းဒေသကြီး	သာစည်လမ်း၊ဒေါနခြံရပ်၊ မုံရွာမြို့	၀၇၁-၂၃၄၉၅	၀၇၁-၂၃၆၁၆ ၀၇၁-၂၃၄၉၅
၁၃	ကချင်ပြည်နယ်	အမှတ်(၁၄)၊ ဧဒင်စံပြလမ်း၊ ဧဒင်ရပ်ကွက်၊ တပ်ကုန်းမြောက်၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၁၆၄	၀၇၄-၂၂၁၆၄
၁၄	ရှမ်းပြည်နယ်(တောင်ကြီး)	သစ်တောဂိတ်အနီး၊တောင်ကြီးမြို့	၀၈၁-၂၁၂၅၀၁၉	၀၈၁-၂၁၂၅၀၁၉
၁၅	ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုး)	(၉)ရပ်ကွက်၊လားရှိုးမြို့	၀၈၂-၃၀၉၄၁	၀၈၂-၃၀၉၄၁
၁၆	ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ)	၃(ခ)၊ ၁၁၈ ရပ်ကွက် (၃)၊ မြို့တော်ခန်းမအနောက်၊ ကျိုင်းတုံမြို့	၀၈၄-၂၂၈၈၇	၀၈၄-၂၃၀၂၅
၁၇	ကယားပြည်နယ်	ဒေါဥခူရပ်ကွက်၊ မြန်မာ့အာမခံရုံးလမ်းကြား၊ လွိုင်ကော်မြို့	၀၈၃-၂၂၅၃၇	၀၈၃-၂၂၅၃၇

ပင်စင်ဦးစီးဌာန

တောင်ငူမြို့နယ်ရှိ ရှင်သာမဏေများအား အသည်းရောင်ရောဂါ ဘီပိုးကာကွယ်ဆေးထိုးနှံပေး

တောင်ငူ စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ရှင်သာမဏေအပါး ၉၀၀ ကျော်အနက်မှ အပါး ၁၅၀ အား ပထမအကြိမ်အသည်းရောင် ဘီပိုးကာကွယ်ဆေးများကို စက်တင်ဘာ ၂၂ ရက်က တောင်ငူမြို့နယ် သာသနဟိတာကာရီ သာသနာ့ဗိမာန်ကြီး၌ "အဟံအလယ်ရိုးမ (တောင်ငူ)" ရှင်သာမဏေကျန်းမာရေးဝန်ဆောင်မှုအထောက်အကူပြုအဖွဲ့မှ စီစဉ်ပြီး စေတနာရှင်များ၏လှူဒါန်းငွေဖြင့် ဆရာဝန်များ၊ သူနာပြုအဖွဲ့များက ကုသိုလ်ပြုထိုးနှံပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျန်ရှိသော ရှင်သာမဏေများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ပြီး အသည်းရောင်ရောဂါ ဘီပိုးကာကွယ်ဆေးထိုးရမည့် သတ်မှတ်ကာလအတိုင်း ငါးကြိမ်ပြည့်အောင်ထိုးပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ ဥက္ကဋ္ဌ ဒေါက်တာဘဆွေကပြောသည်။ ထို့အတူ အဆိုပါအဖွဲ့၏ အဌမအကြိမ် ရှင်သာမဏေကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အရေပြားရောဂါ (ဒက်)နှင့် အထွေထွေရောဂါများကို ဆေးစစ်ကုသပေးခဲ့ပြီး လိုအပ်သည့် သက်န်း၊ ဆေးဝါး၊ တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်းများ (သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာခွက်၊ ဘလိတ်ဓား၊ ဆပ်ပြာ)နှင့် စာရေးကိရိယာများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များ၌ ဝတ်ဆင်မည့် ဖျော်ဖြေရေးဝတ်စုံများ ဝတ်ဆင်ပြသ

နေပြည်တော် စက်တင်ဘာ ၂၃

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တင်ဆက်မည့် ဖျော်ဖြေရေးအစီအစဉ်များ၌ ဝတ်ဆင်မည့် ဖျော်ဖြေရေးဝတ်စုံများ ဝတ်ဆင်ပြသမှုကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ**(ဓါတ်ပုံ)** ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဝတ်စုံများ ပုံစံပြဝတ်ဆင်ပြသကြသော အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား SEA Games ဖွင့်ပွဲ၊ ပိတ်ပွဲ အောင်မြင်စွာဆင်နွှဲပြီးမြောက်ခြင်းသည် မိမိတို့မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်ဂုဏ်တစ်ရပ် ဖြစ်ခြင်း၊ အနုပညာစွမ်းရည်နှင့် မြန်မာ့ယဉ်ကျေးမှုပုံရိပ်များကို ထင်ဟပ်ပြသနိုင်ခြင်း၊ ဒေသတွင်း SEA Games အဖွဲ့ဝင်နိုင်ငံများသာမက ခေတ်မီဇာတ်ခုံနှင့် မီး၊ အသံ၊ နည်းပညာများ ကူညီပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပါ ချစ်ကြည်မှု ပိုမိုခိုင်မြဲစေခြင်းတို့ကြောင့် မိမိတို့ဝန်ကြီးဌာနက ထုတ်လုပ်ရေး အနုပညာရှင် ဝန်ထမ်းများသည် အခြားဌာန အဖွဲ့အစည်းများထက် အနစ်နာခံကာ စွမ်းအားပြည့်ပါဝင်ဆောင်ရွက်ကြရမည် ဟူသော အမျိုးသားအားမာန်စိတ်ကို မြှုပ်နှံထားရန်လိုကြောင်း ပြောကြားပြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအတွက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း၌ တည်ဆောက်လျက်ရှိသော ဇာတ်ခုံတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားအတွေး

တင်ကော့(ဗန်းမော်)

မျှော်လင့်ချက်နှင့် အခွင့်အလမ်းကို အသုံးချတတ်ဖို့

တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးဆုံးဖြစ်သည်မှာ သားကောင်းရတနာ၊ သမီးကောင်းရတနာ မွေးထုတ်ပြုစုပျိုးထောင်ပေးကြမည့် မိဘ၊ ဆရာသမားများတို့ ဝတ္တရားများဖြစ်ပါသည်။

နိုင်ငံ့ဂုဏ်ဆောင် အာရှကျွန်းဆွယ်ချန်ပီယံ ရွှေ၊ ငွေ၊ ကြေး တံဆိပ်များယူပေးခဲ့သူ သုံးဦးမှာ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် နည်းစနစ်မှူး တာဝန်ထမ်းဆောင်ခဲ့ကြပြီး အားကစားလောကမှ သံယောဇဉ်ကြီးစွာဖြင့် အနားယူအငြိမ်းစားဘဝနှင့် ဘုရားရိပ်၊တရားရိပ်၊ သံဃာ့ရိပ် ခိုလှုံနေထိုင်သူနှစ်ဦးမှာ -

(၁) ဒေါ်ခင်ငွေး (နိုင်ငံ့ဂုဏ်ဆောင် အာရှကျွန်းဆွယ် သံပြားဝိုင်းပစ်ချန်ပီယံ)

(၂) ဒေါ်ခင်ခင်ထွေး (နိုင်ငံ့ဂုဏ်ဆောင် အာရှကျွန်းဆွယ်လှံ့တံနှင့် သံလုံးပစ်ချန်ပီယံ)

နောက်တစ်ဦးမှာ ဒေါ်ဂရေစီကား (နိုင်ငံ့ဂုဏ်ဆောင် အာရှကျွန်းဆွယ် မီတာ ၈၀ တန်းကျော်နှင့် အလျားခုန်ချန်ပီယံ) ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားယူပြီး ခင်ပွန်းသည်နှင့် အမေရိကန်နိုင်ငံသို့ ၁၉၈၀ ခုနှစ်မှာ ပြောင်းရွှေ့သွားသည်။

၁၉၅၂ ခုနှစ်မှစပြီး မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းအတွက် ရွှေ၊ ငွေ၊ ကြေး ယူပေးသူအဘွားဒေါ်ခင်ငွေး၊ အဘွားဒေါ်ခင်ခင်ထွေးတို့ကခြေစွမ်း၊ လက်စွမ်းရှိနေကြတဲ့ မျိုးဆက်သစ်လူငယ်အားကစားသူလေးနှစ်ဦးကို ရန်ကုန်အောင်ဆန်းကစားကွင်းမှာ လေ့ကျင့်ခန်းတွေပေးပြီး အဘွားတို့လိုအောင်မြင်စေချင်ကြောင်း၊ မြန်မာပြည် မျိုးဆက်သစ်လေးတွေပေါ်ထွန်းစေချင်တဲ့ဆန္ဒရှိကြောင်း ဆိုသည်။ မျိုးဆက်သစ်နှင့်ပတ်သက်၍ ကြုံခဲ့ဖူးသူ မျိုးဆက်သစ်နှစ်ဦးမှာ ဗန်းမော်၊ နောင်ခိုသူလေး စံချိန်ကောင်းတင်တာလတ်အပြေးသမား၊ ကချင်ပြည်နယ် ရွှေတံဆိပ်ယူပေးသူပါ၊ “မတီ” ဆံပင်ဆံရစ်နဲ့ သန်မာသူ၊ ယောကျ်ားလေးကဲ့သို့ကြမ်းတမ်းသူ၊ လုံချည်ထဘီဝတ်ပြေးတတ်သူ၊ စပိုက်ဖိနပ် မစီးတတ်သူ၊ ခြေဗလာနှင့်ပြေးခဲ့သူ၊ အနယ်နယ်အရပ်ရပ်မှ ကစားဖော်များကိုကြည့်ပြီး ဘောင်းဘီတိုဝတ်တတ်၊ စပိုက်ဖိနပ်ပြေးခုန်ပစ်သံချွန်ပါစီးတတ်ပြီး မြန်မာပြည်အတွက် အားထားမိခဲ့သူ၊ သံလုံးလည်း စံချိန်မီပစ်တတ်သူ၊ ရန်ကုန်အောင်ဆန်းကွင်းမှာ နေ့စဉ်လေ့ကျင့်ပေးနေရာမှ ခေတ္တဗန်းမော်ပြန်လိုကြောင်း ခွင့်ပန်၍ မကြာလိုက်မီ အိမ်ထောင်ပြုလိုက်သူ၊ သားသမီးရပြီး ကွယ်လွန်သွားသူ၊ မျှော်လင့်ချက်၊ အခွင့်အလမ်းနှင့် ဘဝကို မခွဲခြားလိုက်နိုင်သူ။

နောက်မျိုးဆက်သစ်တစ်ဦးမှာ ဗန်းမော်မြို့ ညောင်ပင်ရပ်မြောက်ပိုင်း ကချင်ပြည်နယ် တာလတ်အပြေးသမား “ကိုကြည်တင်”၊ ပြည်နယ်အတွက် ရွှေတံဆိပ်ယူပေးသူ၊ ပြေးတဲ့စံချိန်ကောင်းလို့ ရန်ကုန်အောင်ဆန်းအားကစားကွင်းခေါ်ယူလေ့ကျင့်ခဲ့သူ ဗန်းမော်ပြန်ချင်စိတ်မရှိသူ။

ရပ်ရှင်မင်းသား ဦးဇော်လွင်နဲ့တွေ့ပြီး ရုပ်ရှင်ပိုးဝင်သွားသူ၊ ပြေးခုန်အားကစားကိုပစ်၍ ရုပ်ရှင်ထဲဝင်၊ ဇာတ်ပို့ဇာတ်ရံနှင့် အချိန်ကုန်ခဲ့သော်လည်း ရုပ်ရှင်မင်းသားအဖြစ်သို့ မရောက်ခဲ့သူ၊ ရန်ကုန်သူတစ်ယောက်နှင့် အကြောင်းပါလက်ထပ်ပြီး ပေါင်းသင်းခဲ့ကာ နှစ်များမကြာမီ ကွယ်လွန်သွားခဲ့သူ။

ဒါကြောင့် မျိုးဆက်သစ်လူငယ်တွေ မျှော်လင့်ချက်နှင့် အခွင့်အလမ်းတွေ စိတ်ဓာတ်မွေးပြီး မြန်မာနိုင်ငံကို အားကစားနှင့်ကိုယ်စားပြုမယ် မြန်မာ. . . . မြန်မာ. . . . မြန်မာ. . . . ဟေ့လို့ဂုဏ်ယူမယ်။“မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေမယ်”ဆိုတဲ့ ရည်မှန်းချက်တွေထားပြီး ကြိုးစားကြပါစို့လို့ တိုက်တွန်းရင်း . . . . ။

သုံးဂိုး – တစ်ဂိုးရလဒ်ဖြင့် အကျိုးပေးနေသော အာဆင်နယ်

၂၀၀၅ ခုနှစ် အက်ဖ်အေဖလားရရှိခဲ့ပြီးသည့်နောက်ပိုင်း ရှစ်နှစ်ကြာ ဖလားလက်မဲ့ဖြစ်နေသော ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း၏ ယခုနှစ်ရာသီပြိုင်ပွဲများတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်များများပြားနေသည်ကို ထူးထူးခြားခြား တွေ့မြင်နေရပြီဖြစ်သည်။

ယင်းသို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်များမှာ ပြီးခဲ့သည့်ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် နေ့ဝှစ်ချ်ကို အိမ်ကွင်းတွင် လက်ခံကစားခဲ့သည့် ပွဲစဉ်(၃၈)မှ စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပြီး ယင်းအချိန်မှ စ၍ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ် ခြောက်ပွဲအထိရှိလာခဲ့သည်။

၂၀၁၃ ခုနှစ် ဧပြီ ၁၃ ရက်က အိမ်ကွင်းတွင် နေ့ဝှစ်ချ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် ပိုဒေါစကီး၊ ဂီရောက်နှင့် အာတီတာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး ၂၀၁၃ ဇူလိုင် ၂၂ ရက်က ဂရမ်းပက်အိတ်နှင့် ကစားခဲ့သည့် ရာသီအကြို ခြေစမ်းပွဲတွင် ဝဲလ်ကော့၊ ဂီရောက်နှင့် မီယာချီတို့က သွင်းယူပေးခဲ့သည်။ ဩဂုတ် ၁၀ ရက်က မန်စီးတီးနှင့် ခြေစမ်းပွဲတွင်လည်း ဂီရောက်၊ ရမ်ဆေးနှင့် ဝဲလ်ကော့တို့၏ သွင်းဂိုးများဖြင့် မန်စီးတီးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယခုနှစ်အဖွင့်ပွဲစဉ်တွင် အက်စ်တွန်ဗီလာကို ရှုံးပွဲကြုံခဲ့စဉ်ကလည်း သုံးဂိုး-တစ်ဂိုး ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဖူလ်ဟမ်၏ အိမ်ကွင်း၌ ကစားခဲ့ရသောပွဲစဉ်တွင် ပိုဒေါစကီး၏ သွင်းဂိုးနှစ်ဂိုးနှင့် ဂီရောက်၏ သွင်းဂိုး တစ်ဂိုးတို့ဖြင့် အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆန်းဒါးလန်းနှင့် ကစားခဲ့ရသည့်ပွဲစဉ်တွင်လည်း ရမ်ဆေး၏သွင်းဂိုးနှစ်ဂိုး၊ ဂီရောက်၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စတုတ်စီးတီးကို အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် ပွဲစဉ်(၅)တွင် ရမ်ဆေး၊ မာတီဆက်ကာနှင့် ဆက်ဂ်နာတို့၏ သွင်းဂိုးများဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထိုသို့ သုံးဂိုး-တစ်ဂိုးဖြင့် အာဆင်နယ်နိုင်ပွဲရခဲ့သည့် ပွဲစဉ်များတွင် တိုက်စစ်မှူး ဂီရောက်၏ သွင်းဂိုးသည် ငါးဂိုးအထိ ပါဝင်နေပြီး လက်ရှိတွင် ငါးပွဲကစားပြီးတွင် တစ်ပွဲရှုံး၊ လေးပွဲနိုင်ရလဒ်ဖြင့် ၁၂ မှတ်ရရှိကာ အမှတ်ပေးဇယားထိပ်တွင် အာဆင်နယ်အသင်းမားမားမတ်မတ်ရပ်တည်လျက်ရှိသည်။

ငွေကြယ်

ဆန်းဒါးလန်းအသင်းနည်းပြအဖြစ်မှ ဒီကာနီယို ထုတ်ပယ်ခံရ

ပရီမီယာလိဂ်ကလပ် ဆန်းဒါးလန်းအသင်းသည် ယခုနှစ် ဘောလုံးရာသီအစ ပွဲစဉ်(၅)အပြီးတွင် တစ်ပွဲမျှနိုင်ပွဲရရှိထားသေးခြင်းမရှိဘဲ တစ်ပွဲသရေပွဲဖြစ်ထားသောကြောင့် တစ်မှတ်သာလျှင် ရရှိထားသည်။ ထို့ကြောင့် မတ်လမှစတင်ကာ နည်းပြမာတင်အိုနေးလ်၏ နေရာတွင် အစားထိုးနည်းပြအဖြစ် ခန့်အပ်ထားသော အသက်(၄၅)နှစ်အရွယ် အီတလီနိုင်ငံသားဒီကာနီယိုအား ၁၃ ပွဲ ကိုင်တွယ်စေခဲ့ပြီးနောက် နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည်။

မတ်လမှစ၍ ၁၃ ပွဲကိုင်တွယ်စေခဲ့ရာတွင်လည်း သုံးပွဲသာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းကြောင့် ဒီကာနီယိုအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီး ကီဗင်ဘောအား အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စေမည်ဖြစ်သည်။

ထို့ကြောင့် ကီဗင်ဘောသည် ဆန်းဒါးလန်းနည်းပြ ပထမပွဲအဖြစ် စက်တင်ဘာ ၂၄ ရက်တွင် အလင်းရောင်ကွင်းကြီး၌ အိမ်ရှင်အဖြစ် လက်ခံကစားမည့် ပီတာဘရော့နှင့် ကက်ပီတယ်ဝမ်းဖလား တတိယအဆင့်ပြိုင်ပွဲတွင် စတင်ကိုင်တွယ်ရမည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ နည်းပြဒီကာနီယိုလက်ထက်တွင် ဆန်းဒါးလန်းအသင်းအနေဖြင့် ဆောက်သမ်တန်အသင်းကိုသာ တစ်ဖက်တစ်ဂိုးစီသရေပွဲရအောင် ကစားနိုင်ခဲ့ပြီး ဖူလ်ဟမ်၊ ခရစ္စတယ်ပဲလေ့၊ အာဆင်နယ်နှင့် ဝက်စ်ဘရွန်းတို့ကို ရှုံးနိမ့်ခဲ့ရသည်။ ထို့အပြင် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း နောက်ဆုံးလေးပွဲတွင် နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တန်းဆင်းဇုန်အထက်သုံးမှတ်အကွာအဆင့်(၁၇)ဖြင့် ပွတ်ကာသီကာ တန်းတင်ကျန်ရစ်ခဲ့သည့်အသင်းဖြစ်သည်။ လက်ရှိတွင်မူ မန်နီနီ၊ ဘိုရီနီ စသည့်ကစားသမားများ အပါအဝင် ကစားသမားသစ် ၁၄ ဦးအထိ ခေါ်ယူထားခဲ့သော်လည်း ထိုက်တန်သောရလဒ်မထွက်ပေါ်ခဲ့၍ ဒီကာနီယိုအား နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



အပတ်စဉ် ၃၁/၈၁ စက်မှုသင်တန်းကျောင်း(ထုံးဘို) မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

သူငယ်ချင်းတို့ရေ လွန်ခဲ့တဲ့နှစ်ပေါင်း(၃၀)က သူငယ်ချင်းများအားလုံး စုပေါင်းပြီး ဆရာကန်တော့ပွဲနှင့် ဒို့တွေအားလုံးပျော်ရွှင်စွာ တွေ့ဆုံပွဲကို ၂၇-၁၀-၂၀၁၃ ရက်မှာ ကွင်းလှစခန်းမှာပြုလုပ်ကြမယ်။

ဒါကြောင့် ၃၁/၈၁ ကျောင်းဆင်းအားလုံးနဲ့ ထုံးဘို စက်မှုသင်တန်းကျောင်းဆင်း အပတ်စဉ်အားလုံးကိုလည်း အတူတကွပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

ဆက်သွယ်ရန်ဖုန်း-	ဝင်းမြင့် (၃၁/၈၁)	၀၉-၄၂၁၁၂၄၀၇၃
	အေးမိစံ (၃၁/၈၁)	၀၉-၃၆၁၄၂၈၇
	မခင်နွဲ့ (၃၁/၈၁)	၀၉-၇၃၀၇၂၂၁
	အကြည်မြင့် (၃၁/၈၁)	၀၉-၂၅၀၀၈၆၇၁၅
	ကိုသိန်းလွင်(ဟစ်ပီ)	၀၉-၄၂၃၇၂၈၀၅၇
	မချိုတူးမာ	၀၉-၄၂၃၇၂၃၉၅၀

ယှဉ်ပြိုင်မှုမူဝါဒနှင့် ယှဉ်ပြိုင်မှုဥပဒေ၏အခန်းကဏ္ဍ

ဇာနည်တင်(ယှဉ်ပြိုင်မှု)

ယှဉ်ပြိုင်မှုဆိုတဲ့ စာသားကို ရှင်းလင်းချင်ပါတယ်။ အခုတင်ပြမယ့် ယှဉ်ပြိုင်မှုကတော့ စီးပွားရေးလုပ်ငန်းအချင်းချင်းတွေကို မူဘောင်အတွင်းက ယှဉ်ပြိုင်နိုင်အောင် စည်းမျဉ်းဥပဒေတွေ သတ်မှတ်ပေးပြီး ယှဉ်ပြိုင်မှုဖြစ်စဉ်တွေကို ကာကွယ်ပေးခြင်းဖြစ်ပါတယ်။ ယှဉ်ပြိုင်သူဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ကာကွယ်ပေးခြင်း မဟုတ်ပါဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေ အချင်းချင်းယှဉ်ပြိုင်တဲ့အခါ တရားမျှတမှုဖြစ်စေအောင် စည်းမျဉ်းစည်းကမ်းများနဲ့ ယှဉ်ပြိုင်စေခြင်းဖြစ်ပါတယ်။ ဒီယှဉ်ပြိုင်မှုကို မြန်မာနိုင်ငံမှာ ဘယ်လိုရည်ရွယ်ချက်နဲ့ စတင်မိတ်ဆက်လာသလဲဆိုတာကို အနည်းငယ်အသိပေးပြောပြချင်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အလျောက် အာဆီယံရဲ့စီးပွားရေးမဏ္ဍိုင်တစ်ခုဖြစ်တဲ့ AEC Blueprint အရ ၂၀၁၅ ခုနှစ်မှာ အာဆီယံ ၁၀ နိုင်ငံအတွင်း ယှဉ်ပြိုင်မှုနဲ့ပတ်သက်တဲ့ မူဝါဒနဲ့ဥပဒေတွေကို ချမှတ်ရမှာဖြစ်ပါတယ်။ ဒီယှဉ်ပြိုင်မှု မူဝါဒနဲ့ဥပဒေကို အာဆီယံကဘာကြောင့် အလောတကြီးချမှတ်ဖို့ အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းလာရတာလဲဆိုရင် အာဆီယံ ၁၀ နိုင်ငံရဲ့လူဦးရေဟာ ကမ္ဘာမှာတတိယအများဆုံးဖြစ်နေပြီး ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုကို ပိုင်ဆိုင်ထားတဲ့အတွက်ပဲဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံဒေသကို စိတ်ဝင်စားတဲ့ နိုင်ငံတွေများလာသလို အာဆီယံဒေသနဲ့လွတ်လပ်တဲ့ ကုန်သွယ်မှုဒေသ ထူထောင်လာတာခြောက်ခုရှိနေပြီဖြစ်ပါတယ်။ ဒီလို လွတ်လပ်တဲ့ကုန်သွယ်မှုတွေ ထူထောင်လာတာနဲ့အမျှ ဈေးကွက်လွတ်လပ်မှုတွေများပြားလာပြီး ကုန်သွယ်မှုကဏ္ဍလည်း တိုးမြင့်လာသလို ဈေးကွက်အတွင်းပြိုင်ဆိုင်မှုတွေ များပြားလာမှာဖြစ်ပါတယ်။ ဈေးကွက်ပြိုင်ဆိုင်မှုတွေကို ထိန်းကျောင်းနိုင်ဖို့အတွက် ဥပဒေချမှတ်ဖို့လိုအပ်လာခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ယှဉ်ပြိုင်မှုဥပဒေရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဈေးကွက်အတွင်း တရားမမျှမတဆောင်ရွက်မှု (Anti-Competitive Conduct)၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု (Mono polisation)နဲ့ အစုအဖွဲ့စုဖွဲ့ပြီး တရားမမျှမတဆောင်ရွက်မှု (Anti-Competitive Mergers) တွေကို ထိန်းကျောင်းဖို့အတွက် ဥပဒေရေးဆွဲခြင်းဖြစ်ပါတယ်။

တစ်ဖက်မှာ ယှဉ်ပြိုင်မှုဥပဒေရေးဆွဲသလို ယှဉ်ပြိုင်မှုမူဝါဒကိုလည်း ချမှတ်ပေးဖို့လိုအပ်လာပါတယ်။ ယှဉ်ပြိုင်မှုမူဝါဒကတော့ အစိုးရကချမှတ်ပေးရမှာဖြစ်ပါတယ်။ မူဝါဒရဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်း အမျိုးသားဈေးကွက်နဲ့ စက်မှုလုပ်ငန်းများရဲ့ အပြုအမူများကို တိုက်ရိုက်အကျိုးသက်ရောက်စေတဲ့ ယှဉ်ပြိုင်မှု ဖြစ်စဉ်တွေကို တိုးမြင့်လာစေရန်နဲ့ ကာကွယ်ပေးရန်ဖြစ်ပါတယ်။ ဒါ့အပြင်အရင်းအမြစ်များ နေရာတကျစီမံခန့်ခွဲနိုင်ရေး၊ နည်းပညာတိုးမြှင့်စေရေးနဲ့ စားသုံးသူကောင်းစားရေးတို့ကို ဖြစ်စေတဲ့ လက်နက်သဖွယ်လည်းဖြစ်ပါတယ်။

ယှဉ်ပြိုင်မှုမူဝါဒအောက်မှာ အကျုံးဝင်တဲ့ Sectors တွေကတော့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းလုပ်ငန်းတွေ၊ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေ၊ လိုင်စင်/ပါမစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ၊ အများပြည်သူဆိုင်ရာ ရောင်းဝယ်မှုစနစ်ပြုပြင်ပြောင်းလဲမှုတွေနဲ့ ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်းများ ပါဝင်ပါတယ်။ သဘောကတော့ ယှဉ်ပြိုင်မှုမူဝါဒကို ချမှတ်မယ်ဆိုရင် သူနဲ့ဆက်နွှယ်နေတဲ့ မူဝါဒတွေကိုလည်း ပွင့်လင်းမြင်သာပြီး တင်းကျပ်တဲ့မူဝါဒမျိုးမဖြစ်ရပါဘူး။ (ဥပမာ-ကုန်သွယ်မှုမူဝါဒနဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွေဟာ ဈေးကွက်ဖွင့်ပေးတဲ့မူဝါဒမျိုး ဖြစ်ရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်) ဒါကြောင့် နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလိုချင်ရင်တော့ တိကျတဲ့မူဝါဒနဲ့ဥပဒေကို အကောင်အထည်ဖော်တဲ့အခါ အောင်မြင်မှုရရှိရေးအတွက် Legislation Power ကို အကောင်အထည်ဖော်ပေးရပါတယ်။ ယှဉ်ပြိုင်မှုမူဝါဒကတော့ စီးပွားရေးမူဝါဒ တစ်ခုဖြစ်တဲ့အတွက် စီးပွားရေးနဲ့သက်ဆိုင်တဲ့ မူဝါဒတိုင်းနဲ့ ဆက်စပ်မှု ရှိပါတယ်။ ယှဉ်ပြိုင်မှုမူဝါဒနဲ့ပတ်သက်ပြီး လေ့လာကြည့်တဲ့အခါ တချို့နိုင်ငံတွေမှာတော့ National Competition Policy ရယ်လို့ တိတိကျကျ သတ်မှတ်ထားပြီး ဈေးကွက်ကို Competition law နဲ့ ထိန်းကျောင်းပါတယ်။(ဥပမာ-ဩစတြေးလျ၊ ဟောင်ကောင်၊ မက္ကစီကို) တချို့နိုင်ငံတွေကတော့ ယှဉ်ပြိုင်မှုဥပဒေပဲရှိပြီး တိကျတဲ့မူဝါဒကို ချမှတ်ထားခြင်းမရှိပါဘူး။(ဥပမာ-အာဆီယံနိုင်ငံများ)

ယှဉ်ပြိုင်မှုမူဝါဒကိုချမှတ်တဲ့အခါ မိမိနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး Background အပေါ်မူတည်ပြီး ပြည်တွင်းဈေးကွက်ကြီးမားစေမှုကို ဦးတည်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာစေရေးကိုဦးတည်ခြင်းစသဖြင့် အနည်းငယ်ကွဲပြားချမှတ် ကြပါတယ်။ ဒါကြောင့် ယှဉ်ပြိုင်မှုမူဝါဒက နိုင်ငံတစ်နိုင်ငံရဲ့ Economic Growth ကို ရစေခြင်း၊ စားသုံးသူတွေအတွက် ယှဉ်ပြိုင်မှုကောင်းမွန်တဲ့ဈေးကွက်ကြီးကို ဖန်တီးပေးခြင်း၊ စားသုံးသူတွေအတွက် ဈေးနှုန်းသက်သာပြီးအရည်အသွေးကောင်းတဲ့ ကုန်ပစ္စည်းများကို ရွေးချယ်စားသုံးလာနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးကိုရရှိစေတဲ့အတွက် နိုင်ငံတော်တော်များများက ယှဉ်ပြိုင်မှုမူဝါဒကို စိတ်ဝင်စားလာကြခြင်းဖြစ်ပါတယ်။တစ်ဖက်မှာလည်း Economic Growth ကို ဆက်တိုက်ရစေဖို့အတွက်နဲ့ စားသုံးသူများရဲ့ Welfare ကို ဆက်တိုက်ထိန်းထားနိုင်ဖို့အတွက် ယှဉ်ပြိုင်မှုဥပဒေကို ချမှတ်ဖို့ စိတ်ဝင်စားလာကြခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့မြန်မာနိုင်ငံလည်း အာဆီယံရဲ့ လမ်းညွှန်ချက်နဲ့အညီ ယှဉ်ပြိုင်မှုဥပဒေကို ချမှတ်ဖို့ကြိုးစားနေသလိုပဲ အနာဂတ်အတွက် National Competition policy ကိုချမှတ်နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း အသိပေးဖော်ပြလိုက်ရပါတယ်။ ။



မြန်မာနိုင်ငံဆိုင်ရာ ဆူဒန်နိုင်ငံသံအမတ်ကြီးခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသောသံအမတ်ကြီးအဖြစ် မစ္စတာ အိုမာ အီဆာ အာမက်အား ခန့်အပ်ရန် ဆူဒန်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ အိုမာ အီဆာ အာမက်သည် ၁၉၆၄ ခုနှစ်တွင် အမ်ရူဝါဘာမြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၅ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပေကျင်းဘာသာစကားတက္ကသိုလ်မှ ခေတ်သစ်တရုတ်ဘာသာစကားဖြင့်လည်းကောင်း၊ သံတမန်လေ့လာရေး အမျိုးသားဗဟိုမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် လည်းကောင်း ဒီပလိုမာဘွဲ့များ ရရှိခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် ပေကျင်းမြို့ ရှင်းဟွာတက္ကသိုလ်မှ ဗိသုကာဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။

မစ္စတာ အိုမာ အီဆာ အာမက်သည် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့သည်။ ၁၉၉၂ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ ပေကျင်းမြို့ ဆူဒန်သံရုံးတွင် စီးပွားရေးနှင့်ကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူး၏ လက်ထောက်အဖြစ်လည်းကောင်း၊ စကားပြန်နှင့် လူမှုဆက်ဆံရေးအရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ဆူဒန်နိုင်ငံ ခါတွန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဌာနနှင့် အာရှဌာနတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှစတင်၍ ပေကျင်းမြို့ ဆူဒန်သံရုံးရှိ စီးပွားရေးနှင့် ကုန်သွယ်ရေးဗဟိုဌာန ညွှန်ကြားရေးမှူးနှင့် သံရုံးဒုတိယအကြီးအကဲအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ခုနှစ်ဧပြီလမှစ၍ ပေကျင်းမြို့ ဆူဒန်သံရုံးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဆူဒန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

မစ္စတာ အိုမာ အီဆာ အာမက်သည် ပေကျင်းမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသောသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၉-၂၀၁၃(အင်္ဂါနေ့)

၅း၄၀ "သုညတဆိုက်မှုနိဗ္ဗာန်ရမည်" တရားတော် [ဘဒ္ဒန္တစန္ဒသေန(သုညတ ဓမ္မဆရာတော်)]

၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၈၂)

၇း၁၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၁၈)

၈း၁၅ **MRTV-4** ကျန်းမာရေးကဏ္ဍ (အရက်သောက်ခြင်းနှင့် ကျန်းမာရေး) (အပိုင်း-၁)

၉း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (အပိုင်း-၁)



❖ **ကျောဖုံးမှ**

စက်တင်ဘာ ၂၀ ရက် ည ၈ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း နိုင်ငံပညာရေးဝန်ကြီးဌာန H.E. Mr. Awaang Abu Bakar Bin Haji Apong က ဧည့်ခံသော ညစာစားပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၁၉၇၈ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ(၃၄)ကြိမ် တိုင်ခဲ့ပြီဖြစ်သည်။ (၃၄)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ ညီလာခံသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ၊ လေ့လာသူနိုင်ငံများဖြစ်ကြသော ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဥရောပသမဂ္ဂ (EU) တို့မှ လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

❍ **အမျိုးသားလွှတ်တော်မှ**

ဆန်၊ ဆီ၊ အဝတ်အထည်မျိုးစုံ၊ ပန်းကန်ပြားနှင့် လူသုံးကုန်ပစ္စည်းများ ဖြစ်သည်။

အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီအနေဖြင့် လုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာရသည့် တိုင်းရင်းသား မိဘပြည်သူများအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၆၀၀ နှင့် ထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ်သိန်း ၁၃၀၀ ကျော်ကို ပေးအပ်ခဲ့ပြီး ယင်းလှူဒါန်းငွေနှင့် ပစ္စည်းများကို ဇေကမ္ဘာကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

Peace Music Concert 2013 Myanmar တေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ Peace Music Group မှ ကြီးမှူးကျင်းပသည့် Peace Music Concert 2013 Myanmar တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တေးဂီတဖျော်ဖြေပွဲသို့ တိုင်းဒေသကြီးဝန်ကြီး၊ Myanmar Peace Center မှ တာဝန်ရှိသူများ၊ သံတမန်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများတက်ရောက်ကြသည်။

တေးဂီတဖျော်ဖြေတင်ဆက်ပွဲကို ရှေးဦးစွာ နိုင်ငံတော်သီချင်းဖြင့် သီဆိုတီးမှုတ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ကျင်းပသည့်ပွဲသည် စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် World Peace Day အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များ၌ ကျင်းပခဲ့ပြီး ကမ္ဘာအနှံ့၌လည်း အထိမ်းအမှတ်ပွဲများကျင်းပခဲ့ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို တစ်ကမ္ဘာလုံးက လိုလားသည်ကို ထုတ်ဖော်ပြသရာရောက်ကြောင်း၊ ငြိမ်းချမ်းရေးကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့က လုပ်၍မရကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှ ရနိုင်မည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် Peace Music Group မှ နာယကဦးမောင်မောင်လှနှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တေးသံရှင်များဖြစ်ကြသော စောဖိုးခွား၊ မီးမီးခဲ၊ လင်းထက်၊ ဒယ်နီရယ်စောနှင့် ဇင်ဇင်ထွန်းတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး၌ လမ်း/တံတားများ ပြုပြင်ထိန်းသိမ်းလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်-မန္တလေး အပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရန်ကုန်-မန္တလေးအမြန်လမ်း (စကားအင်း-တံခွန်တိုင် အပိုင်း) မိုင်တိုင် (၃၅၉/၇)နှင့် (၃၆၀/၁) ကြားရှိ မြစ်ဆွတ်ချောင်းတံတားကြံ့ခိုင်မှုနှင့် ချဉ်းကပ်လမ်းပြုပြင်နေမှုတို့ကို လှည့်လည်စစ်ဆေးပြီး မိုင်တိုင် (၃၆၃/၅)နှင့် (၃၆၃/၆)ကြား ကွန်ကရစ်လမ်းသား နိမ့်ကျမှုအား အမြန်ဆုံး ပြန်လည်ပြုပြင်ရန်နှင့် အမြန်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများနှင့် တံခွန်တိုင်အပိုင်း သန့်ရှင်းသာယာလှပရေး စနစ်တကျ ပြုပြင်ရန်တို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် ဧရာဝတီတံတား (ရတနာပုံ)သို့ သွားရောက်ရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က တံတားကြံ့ခိုင်မှု လစဉ်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တံတားကြံ့ခိုင်မှုကို အမြဲမပြတ်စစ်ဆေးရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင် အမြဲဂရုပြုရန်နှင့် ထူးခြားမှုများ အမြန်ဆုံး တင်ပြရန် မှာကြားသည်။

ထို့နောက် မန္တလေး-တံတားဦး-မြို့သာ-မြင်းခြံ လမ်းပိုင်း၊ မြင်းခြံမြို့တွင်း စွန်းလွန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မြင်းခြံ-တောင်သာ-မိတ္ထီလာလမ်းပိုင်းတို့ကို လှည့်လည် စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ပင်လယ်ပြင် အခြေအနေ
(၂၃-၉-၂၀၁၃)

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဂမ်လန်ရာဇီတောင်ထိပ်သို့ ပထမဆုံးအကြိမ် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သော မြန်မာ-အမေရိကန် တောင်တက်အဖွဲ့ မီဒီယာများနှင့်တွေ့

ရန်ကုန် စက်တင်ဘာ ၂၃

ကချင်ပြည်နယ်ရှိ ဂမ်လန်ရာဇီတောင်ထိပ်သည် တစ်ကြိမ်တစ်ခါမှ လူ မတက်ရောက်နိုင်သေးသော တောင်ဖြစ်သဖြင့် ပထမဆုံးတက်ရောက်နိုင်ခဲ့သော မြန်မာ-အမေရိကန် ချစ်ကြည်ရေးတောင်တက်အဖွဲ့အား နိုင်ငံတော်သမ္မတကြီးထံမှ ဂုဏ်ပြုလွှာပေးပို့ခဲ့ကြောင်း စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည့် **(ယာပုံ)** အဆိုပါအဖွဲ့ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ တောင်တက်အဖွဲ့သည် တောင်ထိပ်သို့ စက်တင်ဘာလ ၇ ရက်နေ့က အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။ ဤအောင်မြင်မှုသည် မြန်မာ-အမေရိကန် ချစ်ကြည်ရေးကို တိုးတက်စေပြီး မြန်မာအလှနှင့် မြန်မာ့ပတ်ဝန်းကျင်အား ကမ္ဘာသိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ လူသားတို့ခြေချဖူးခြင်း မရှိသေးသည့်အပြင် ဆိုးရွားသောရာသီဥတုနှင့် အခက်အခဲများကြားမှ ပထမဆုံးအကြိမ် စွန့်စွန့်စားစား တက်ရောက်နိုင်ခဲ့သည့် ဖွဲ့သတ္တိကို မှတ်တမ်းတင် ဂုဏ်ပြုကြောင်း သမ္မတကြီး၏ ဂုဏ်ပြုလွှာတွင် ဖော်ပြထားသည်။

“တောင်တက်ခရီးစဉ်ကို ဩဂုတ်လ ၁၅ ရက်နေ့က စတင်ခဲ့ပါတယ်။ တောင်ခြေရောက်ဖို့ လမ်းလျှောက်ချဉ်းကပ်ရတာကြောင့် အခုလို ၃၅ ရက်လောက်ကြာ သွားတာပါ။ တကယ်တောင်တက်တာ ကိုးရက်သာရှိပါတယ်။ လမ်းတွေက တအားချော်နေပြီး ချောင်းတွေကို အကြိမ်ကြိမ်ဖြတ်ရပါတယ်။ ရှိတဲ့တံတားတွေက နှစ်ယောက်ရဲ့ဝန်ကို မခံနိုင်လို့ တစ်ယောက်ပြီးမှတစ်ယောက်ဖြတ်ကြရတယ်” ဟု ဂမ်လန်ရာဇီတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့သူ ကိုပြည့်ဖြိုးအောင်က တွေ့ကြုံခဲ့ရသည့် အခက်အခဲများကိုပြောပြသည်။

မြန်မာနိုင်ငံ၏ တောင်တက်ခရီးစဉ်သည် ဆီးနှင်းပါးချိန် ဩဂုတ်လတွင် တောင်တက်ရန်အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ တောင်တက်သမားတို့အတွက်ဆိုပါမူ အတက်ခရီးစဉ်ထက် အဆင်းခရီးစဉ်မှာအန္တရာယ်ပိုကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။ “ယခုကဲ့သို့ စက်တင်ဘာလ ၇ ရက်နေ့မှာ ရာသီဥတုကောင်းမွန်တဲ့အတွက် အမြင့်ပေ ၁၅၀၀၀ မှာရှိတဲ့ အခြေစိုက်စခန်းကနေ မနက် ၄ နာရီမှာ စတင်ထွက်ခဲ့တယ်။ မနက် ၁၀ နာရီမှာ အမြင့် ပေ ၁၈၀၀၀ ကို ရောက်ခဲ့တယ်။ လမ်းကြောင်းက တအားမတ်တယ်၊ တအားကျဉ်းတယ်၊ ကျောက်ကြားထဲက ဖြတ်ပြီးတက်ရတယ်၊ မွန်းလွဲ ၂ နာရီမှာ တောင်ထိပ်ရောက်တယ်၊ နှစ်နိုင်ငံအလံလွှင့်ထူခြင်း၊ အမှတ်တရ အောင်ပွဲခံခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပြီး ပြန်ဆင်းလာတယ်၊ ဆင်းဆင်းခြင်းပဲ ကျွန်တော်ပြုတ်ကျသေးတယ်၊ ကျွန်တော့်ရဲ့အဖွဲ့ခေါင်းဆောင်ကဆွဲတယ်၊ ပြီးတော့ ကျွန်တော့်အဖွဲ့ သုံးယောက်စလုံး ရေခဲတွေနဲ့ ပျော်ပြီး ပြုတ်ကျတာ ပေ ၆၀၀ လောက်ရှိမယ်။ ဒါပေမယ့် တစ်မိနစ်လောက်ပဲကြာတယ်၊ ရေခဲအောက်မှာ မဟုတ်ဘဲ ရေခဲပေါ်ကပြုတ်ကျတဲ့အတွက် ကြီးကြီးမားမားထိခိုက်ဒဏ်ရာရမှုမရှိဘဲ အောက်ကိုရောက်တယ်၊ ဒါ ကျွန်တော့်အတွက် အမှတ်တရပါပဲ”ဟု ၎င်းကဆက်လက်ပြောသည်။

ဂမ်လန်ရာဇီတောင်တက်ခြင်းခရီးစဉ်ကို ဩဂုတ်လ ၁၅ ရက်နေ့တွင် ဦးပြည့်ဖြိုးအောင်၊ ဦးဝင်းကိုနှင့် အမေရိကန်နိုင်ငံမှ Andy Tyson, Molly Loomis Tyson, Chris Nance, Mark Fisher, Eric Daft တို့ပါဝင်သော မြန်မာ-အမေရိကန် တောင်တက်အဖွဲ့ပါဝင်ခဲ့ပြီး စက်တင်ဘာလ ၇ ရက်နေ့တွင် ဂမ်လန်ရာဇီတောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

တောင်တက်ခြင်းသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနိုင်ယူရသည့် အားကစားနည်းမျိုး မဟုတ်သည့်အတွက် အချင်းချင်းဖွဲ့၊ လုံ့လ၊ ဝီရိယ စုစည်းညီညွတ်မှုများ အပြန်အလှန် ကူညီထောက်ပံ့ခြင်းဖြင့်သာ ယခုကဲ့သို့အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ-အမေရိကန် နှစ်နိုင်ငံ ချစ်ကြည်ရေးတောင်တက်အဖွဲ့ကို ထူးဖောင်ဒေးရှင်း၊ မြန်မာဖုံရင်ခရီးသွားလုပ်ငန်း၊ အဲပုဂံ၊ AGD ဘဏ်၊ Aureum Palace Hotel နှင့် Treasure Resorts တို့ပါဝင်ကူညီခဲ့ကြကြောင်းသိရသည်။

ဂမ်လန်ရာဇီတောင်၏ အမြင့်ပေနှင့်ပတ်သက်၍ ကိန်းဂဏန်း၊ အိန္ဒိယမြေပုံများအရလည်းကောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ရုရှား၊ တရုတ်မြေပုံများအရလည်းကောင်း၊ ဟားဘတ်စာကြည့်တိုက်မြေပုံအရလည်းကောင်း၊ Google အရလည်းကောင်း အမျိုးမျိုးသတ်မှတ်ထားသော်လည်း ယခုမြန်မာ-အမေရိကန်တောင်တက်အဖွဲ့တို့၏ တိုင်းတာချက်အရ ဂမ်လန်ရာဇီတောင်မှာ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထွတ်အဖြစ်ပြောလိုကြောင်း၊ အဆိုပါတောင်တက်ခရီးစဉ်တွင် ပါဝင်ခဲ့သူ Mr.Andy Tyson က ၎င်း၏အမြင်ကိုသုံးသပ်ပြောပြသည်။

အဆိုပါ မီဒီယာတွေ့ဆုံပွဲတွင် ဂမ်လန်ရာဇီတောင်သို့ တက်ရောက်အောင်မြင်ခဲ့သော တောင်တက်အဖွဲ့ဝင်များ၊ ထူးဖောင်ဒေးရှင်းမှ CEO ဦးပေါ်မြင့်ဦးနှင့် အမေရိကန်ချစ်ကြည်ရေးတောင်တက်အဖွဲ့မှ Mr.Andy Tyson တို့က အဆိုပါခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

Myanmar Business and Development Week ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ယနေ့ နံနက်ပိုင်းက Myanmar Business and Development Week ဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မြင့်နှင့် ဦးဝင်းမြင့်တို့ တက်ရောက် အမှာစကား ပြောကြားကြသည်။**(အပေါ်ပုံ)**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Public Private Partnership) ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကဖော်ဆောင်သည့် စက်မှုနိုင်ငံထူထောင်ရေး အလုံးစုံမဟာဗျူဟာမှာ အရေးကြီးသည့် အပိုင်းဖြစ်သည့်အတွက် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းကို အဓိကဖော်ဆောင်ပေးမှုနှင့် နေ့စဉ်လူမှုဘဝ သာယာဝပြောရေးအတွက် SMEs ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးတံခါး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသလို ပုဂ္ဂလိကကဏ္ဍတိုးတက်မြင့်မားအောင်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲက ဖော်ထုတ်ရရှိမည့် အတွေးသစ်၊ အမြင်သစ်နှင့် စိတ်ကူးနည်းလမ်းသစ်များက အနာဂတ်မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

Myanmar Business and Development Week ဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) တို့က ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး အစိုးရဌာနဆိုင်ရာများနှင့် ပြည်တွင်းပြည်ပရှိ ပုဂ္ဂလိကကဏ္ဍမှ စိတ်ပါဝင်စားသူ စုစုပေါင်း ၁၅၀ နီးပါး တက်ရောက်လျက်ရှိပြီး ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်ထိ ၅ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ UNESCAP ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာနခွဲလက်အောက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဌာန၏ အကြီးအကဲ Mr. Marc Proksch၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံမှူးကြီး Mr. Toshio Yamamoto, ESCAP Business Advisory Council(EBAC) မှ ဒုတိယဥက္ကဋ္ဌ Mr. Chote Sophonpanich နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Ashok Nigam တို့ကလည်း အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲကာလအတွင်း ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်ပရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာနှင့် အစီအစဉ်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာဖွံ့ဖြိုးရေးမူဝါဒများ၊ အကောက်အခွန်မဟုတ်သော ကုန်သွယ်မှုအတားအဆီးများ ဖယ်ရှားရေးများ အပါအဝင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ပြည်တွင်းပြည်ပ ပညာရှင်အသီးသီးမှ ဆွေးနွေးရှင်းလင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟင်္သာတမြို့နယ် ရေလယ်သောင်ကျေးရွာ ရေကြီးနစ်မြုပ်သည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

ဟင်္သာတ စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စစ်ကုန်းအုပ်စု ရေလယ်သောင်ကျေးရွာ ရေကြီးနစ်မြုပ်သည့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် အစားအသောက်များကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက စက်တင်ဘာ ၂၂ ရက်တွင် စစ်ကုန်းကျေးရွာနှင့် တောင်လုံးစုကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး အိမ်ထောင်စုပေါင်း ၂၄၇ စုအား ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ပစ္စည်းများလှူဒါန်းခဲ့ပြီး ဟင်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆန်အိတ် ၂၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဆန် ၁၃ အိတ်၊ မြို့ပေါ်စေတနာရှင်များက ဆန်အိတ် ၃၀၊ မြစ်မခသတင်းအေဂျင်စီက ခေါက်ဆွဲခြောက်များ၊ ရေသန့်ဘူးများ၊ ထမင်းထုပ်များကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာမြေကို ချစ်ခင်မြတ်နိုးပြီး လယ်သမားများ၏ဘဝကို အားကျဂုဏ်ယူတတ်စေရန် တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၃

လယ်ယာမြေကို ချစ်ခင်မြတ်နိုးပြီး လယ်သမားများ၏ဘဝကို အားကျဂုဏ်ယူတတ်စေရန် တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုမှုပြိုင်ပွဲ တေးရေး၊ ဂီတစာဆိုဝါရင့်ပညာရှင်ကြီးများအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည်။**(ယာပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအုန်းသန်း၊ ဦးခင်ဇော်နှင့် ဦးရဲထွဋ်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအခြေခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သောကြောင့် လယ်ယာကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့၌သာ အများဆုံး မှီတည်လုပ်ကိုင်စားသောက်နေထိုင်လျက် ရှိပါကြောင်း။

ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ အရှိန်အဟုန်ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ ခေတ်မီလယ်ယာသုံး စက်ပစ္စည်းများ အသုံးပြု၍ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ထုတ်လုပ်သည့် နည်းစနစ်များကို တောင်သူလယ်သမားများကိုယ်တိုင် တတ်ကျွမ်းနားလည်အောင် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

သို့သော် ယနေ့ခေတ်အခြေအနေအရ လယ်ယာကဏ္ဍတွင် လယ်လုပ်သူများ တဖြည်းဖြည်းလျော့နည်းလာသည့်အတွက် တောင်သူလယ်သမားများ လယ်ယာမြေကို ချစ်ခင်မြတ်နိုး၍ မိမိတို့ဘဝကို ဂုဏ်ယူတတ်စေပြီး ခိုင်မာသည့် အနာဂတ် အခွင့်အရေးများကို တောင်သူလယ်သမားများကိုယ်တိုင် သိမြင်ခံစားတတ်လာစေရန်တို့အတွက် ဂီတပညာရှင်များ၏ စွမ်းအားကို အသုံးပြုလို၍ တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုမှုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ခေတ်အဆက်ဆက်တွင် တင်ကျန်ရစ်စေမည့် တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းကောင်းများ ထွက်ပေါ်လာအောင် ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်က တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုပြိုင်ပွဲ၏ ရည်ရွယ်ချက်များနှင့် စည်းကမ်းချက်ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလွှင့်အစီအစဉ် (Farmer Channel) ထုတ်လွှင့်ရေးကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက (Farmer Channel) အစီအစဉ်များ ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီး ပြိုင်ပွဲဝင်တေးသီချင်းများအား အကြိုကြည့်ရှုလေ့လာနိုင်ရန် ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုမှုပြိုင်ပွဲ၌ ချီးမြှင့်မည့် ဆုကြေးငွေစုစုပေါင်း ကျပ်သိန်း ၁၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်ထံ လွှဲပြောင်းပေးအပ်ပြီး တောင်သူလယ်သမားကဏ္ဍ ရုပ်သံလွှင့်အစီအစဉ် (Farmer Channel) အကြံပေးပညာရှင် ဦးတင်မောင် (ဦးဖိုးအေး)အား ဂုဏ်ပြုငွေကျပ် ၁၂ သိန်း ချီးမြှင့်သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုမှုပြိုင်ပွဲနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးကြကာ သီချင်းပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ညှိနှိုင်းရေးဆွဲအတည်ပြုမှတ်တမ်းတင်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုမှုပြိုင်ပွဲတွင် ပထမဆုအတွက် ငွေကျပ်သိန်း ၅၀၊ ဒုတိယဆုအတွက် ငွေကျပ်သိန်း ၃၀၊ တတိယဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ငါးသိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နှုတ်ဆက်သည်ကို ဆဲသည်ထင်၍ ရိုက်ခံရသည့် အဖြစ်

နေပြည်တော် စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေတပင်ကွက်သစ်နေ ဒေါ်အိအိခင် (၄၆) နှစ်သည် စက်တင်ဘာ ၁၉ ရက်က ဧည့်သည်များဖြစ်ကြသော ကိုအောင်နိုင်၊ မသန်းရွှေတို့နှင့်အတူ နေအိမ်ဧည့်ခန်းတွင် တီဗွီကြည့်နေစဉ် အိမ်နီးချင်းဖြစ်သူ ဇင်မောင်မောင်သွင် (၂၅) နှစ်မှာ သုံးဘီးဆိုင်ကယ်ဖြင့် နေအိမ်ရှေ့မှ ဖြတ်သွားသဖြင့် ကိုအောင်နိုင်က နှုတ်ဆက်ခဲ့ရာ ဇင်မောင်မောင်သွင်မှာ ၎င်းအားဆဲသည်ဟုထင်မှတ်ပြီး သစ်သားတုတ်ကိုင်ဆောင်၍ ဒေါ်အိအိခင်၏ နေအိမ်အတွင်း ဝင်ရောက်ကာ ကိုအောင်နိုင်၊ မသန်းရွှေနှင့် ဒေါ်အိအိခင်တို့အား ရိုက်နှက်ခဲ့သည်။ ထိုသို့ ရိုက်နှက်သဖြင့် ဒေါ်အိအိခင်တွင် လက်မပေါက်ပြဲ၊ ယာလက်ဖူးရောင်ဒဏ်ရာနှင့် မသန်းရွှေတွင် ဦးခေါင်းချိုစောင်း ပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ဇင်မောင်မောင်သွင်အား မင်းဘူးမြို့မရဲစခန်းက (ပ) ၁၄၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၄၅၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၉-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်		“ချန်ပီယံချစ်သူ” (အပိုင်း-၈)
၈း၂၅	SEA Games ဇာတ်လမ်းတို “Road to SEA Games ” (Part-4) [သရုပ်ဆောင်-ထွန်းထွန်း (Examplez)] (ဒါရိုက်တာ-ဟိဏ်း)	၇း၀၀	ပြည်တွင်းသတင်း
		၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ “ချန်ပီယံချစ်သူ” (အပိုင်း-၈)
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း “အနိုပ်ကညာရဲ့အနိုပ်ဆရာ” (ခန့်စည်သူ၊သက်မွန်မြင့်) (ဒါရိုက်တာ-ဇော်မြင့်ဦး)	၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)	၈း၃၅	ပြည်သူ့နီတိ “ကျေးဇူးပဲလောကကြီးရေ” (ခင်မို့မို့အေး၊ ကမ္ဘာကျော်၊ ထင်လင်းညို) (ဒါရိုက်တာ-မိုးဇော်ကို)
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ	၉း၀၀	ပြည်တွင်းသတင်း -“ဆိုလိုက်ကြစို့” -အိန္ဒိယရုပ်ရှင် “မင်းဟာတို့ဘဝ” (အပိုင်း-၁)

နည်းပညာသတင်း TIKILA

မီဒီယာစာမျက်နှာများကို ရုပ်မြင်သံကြားစက်ဖြင့် ဖမ်းယူကြည့်ရှုနိုင်မည့် WD TV Player

Western Didital ဟုအမည်ရသော အီလက်ထရွန်နစ်လုပ်ငန်းမှ ယခင်ထုတ်လုပ်ရောင်းချပြီးဖြစ်သည့် ၎င်းစက်မော်ဒယ်များရှိခဲ့သော်လည်း ယခုထပ်မံထုတ်လုပ်မည့်စက်မှာ ယခင်မော်ဒယ်အဟောင်းများနှင့်မတူဘဲ ပိုမိုဆန်းသစ်ကောင်းမွန်သော နည်းပညာအသစ်များဖြင့် ဈေးကွက်ကိုထပ်မံကိုင်လှုပ်ဦးမည်ဟု သိရှိရသည်။

အားလပ်ရက်များတွင် နေအိမ်ရှိ ရုပ်မြင်သံကြားစက်ဖြင့်ပင် အင်တာနက်စာမျက်နှာများပေါ်ရှိ ဖျော်ဖြေရေးရုပ်သံများကို အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ ဈေးနှုန်းအားဖြင့် သက်သာလွန်းလှပြီး အသုံးဝင်မှုများမှာ ယခင်ထုတ်လုပ်ထားသောစက်များနှင့်မတူဘဲ ထူးခြားကောင်းမွန်မည်ဖြစ်သောကြောင့် သူ၏ပရိသတ်များသည် ဈေးကွက်အတွင်း ရောက်ရှိမည့်အချိန်ကို စောင့်မျှော်လျက်ရှိနေကြောင်း ပြည်နယ်ပြန်ကြားရေးမီဒီယာများမှ တစ်ဆင့် သိရသည်။ ယခင်ကဲ့သို့ ဖျော်ဖြေရေးရုပ်သံများကို အခြားအပိုတပ်ဆင်ကြည့်ရှုရသော စက်များဖြစ်သည့် DVD, EVD အစရှိသည့်စက်များနေရာတွင် အစားထိုးတပ်ဆင်ကာ CD,DVD များ ထည့်သွင်းကြည့်ရှုရန် မလိုအပ်တော့ဘဲ SD Card, Memory Card အစရှိသည့် ခေတ်မီမှတ်ဉာဏ်ကတ်များဖြင့် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ကြိုးမဲ့စနစ်ချိတ်ဆက်မှုပါဝင်ပြီး ရုပ်သံကြည်လင်ပြတ်သားမှုမှာ (HD-High Definition)အဆင့် အရည်အသွေးရှိသည်ဟု သိရသည်။ အဆင့်မြင့်ဖုန်းများနှင့်လည်း ချိတ်ဆက်ကာ ထိန်းချုပ်စေခိုင်းသည့် ခလုတ် Remote သဖွယ်အသုံးပြုနိုင်ရန် ဖန်းတီးထုတ်လုပ်သွားမည်ဟုသိရသည်။ အင်တာနက်လိုင်းပေါ်ရှိ ဖျော်ဖြေရေးရုပ်သံများကိုသာမကဘဲ သတင်းစာမျက်နှာများနှင့် လူမှုကွန်ရက်စာမျက်နှာများကိုပါ အဆိုပါစက်ဖြင့်ချိတ်ဆက်ကာ အလွယ်တကူဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်သည်။ ဈေးနှုန်းအားဖြင့် အမေရိကန် ဒေါ်လာ ၄၅ ဒေါ်လာနှင့် ၆၅ ဒေါ်လာအတွင်းသာ ရှိသောကြောင့် များစွာ ကုန်ကျမှုမရှိဘဲ အားလပ်ချိန်အပန်းဖြေနိုင်မှုမှာ ပေးရသည့်တန်ဖိုးထက်ပင် ပိုမိုပြန်ရရှိနိုင်ကြောင်း ပရိသတ်အချို့၏ စာမျက်နှာအတွင်းရေးသားမှုများကိုလည်း တွေ့ရှိရသည်။မည်သည့်လစဉ်ကြေး၊ နှစ်စဉ်ကြေးမှုမရှိဘဲ အင်တာနက်လိုင်းရှိရုံမျှဖြင့် ဖျော်ဖြေရေးရုပ်သံများကို ကြိုးမဲ့စနစ်ပါဝင်သော ၎င်းစက်အား ရုပ်မြင်သံကြားစက်တွင် တပ်ဆင်အသုံးပြု၍ဖမ်းယူကြည့်ရှုနိုင်မည်ဟု သိရ



သည်။ တပ်ဆင်ထားရှိမှုနေရာများစွာမလိုအပ်ဘဲ သေးငယ်ပေ့ါပါးပြီး ဒီဇိုင်းပိုင်းသပ်ရပ်ကာ တန်ဖိုးအနည်းငယ်မျှဖြင့် အားလပ်ချိန်များကုန်ဆုံးနိုင်တော့မည်ဖြစ်သည်ဟု ယခင်မော်ဒယ်အဟောင်းစက်များအသုံးပြုဖူးသူ ပရိသတ်များ၏ ပြောဆိုမှုများကိုလည်း တွေ့ရှိရသည်။

ကွန်ပျူတာတစ်လုံးဖြင့် အင်တာနက်သုံးနေရသည်နှင့် အနီးစပ်ဆုံး ရုပ်မြင်သံကြားစက်ဖြင့်အသုံးပြု၍ရနိုင်ရန်လည်း ထည့်သွင်းဖန်တီးထားသည်ဟု သိရသည်။ ယနေ့ဈေးကွက်အတွင်းရှိ အဆင့်မြင့်ရုပ်မြင်သံကြားစက် Smart TV များနှင့်မခြား ၎င်းဖမ်းယူကြည့်ရှုစက်တပ်ဆင်နိုင်သော ရုပ်မြင်သံကြားစက်များသည်လည်း အလွယ်တကူကြည့်ရှုနိုင်မည်ဖြစ်သည်။ တပ်ဆင်မှုလွယ်ကူစေရန် ရုပ်မြင်သံကြားစက်တွင်ပါဝင်သော ဆက်သွယ်မှုကြိုးပေါက်များနှင့် အလွယ်တကူချိတ်ဆက်နိုင်စေရန်လည်း ထည့်သွင်းဖန်တီးထားသည်ဟု သိရသည်။ အဆင့်မြင့်ဖျော်ဖြေရေးရုပ်သံလိုင်းများကို အင်တာနက်လိုင်းရရှိသည့် မည်သည့်နေရာတွင်မဆို ရှာဖွေဖမ်းယူနေရန်မလိုအပ်ဘဲ တပ်ဆင်ချိတ်ဆက်မှုပြုလုပ်ရုံဖြင့် ရုပ်မြင်သံကြားစက်များတွင် ဖမ်းယူကြည့်ရှုနိုင်သည်ဟု အဆိုပါလုပ်ငန်းစာမျက်နှာတွင် တွေ့ရှိရသည်။

ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲဖွင့်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ် ပေါင်းလောင်းအားကစားခန်းမ၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက (၁၅)ကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းခေါင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်နှင့် လက်အောက်တပ်ဖွဲ့/ဌာနများမှ အရာရှိများ၊ တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အားကစားသမားများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အဖွင့်မိန့်ခွန်းပြောကြားပြီး အဖွင့်ပြိုင်ပွဲအဖြစ် အကျဉ်းဦးစီးဌာနအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

ယစ်မျိုးဥပဒေအကြောင်း အသိပေးပြောကြား

မော်လူး စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မော်လူးကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးက မော်လူးဒေသအတွင်း ယစ်မျိုးလိုင်စင် မရှိဘဲ အရက်မျိုးစုံ ထုတ်လုပ်ရောင်းချနေသူများအား စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ခေါ်ယူတွေ့ဆုံပြီး ယစ်မျိုးဥပဒေအကြောင်း အသိပေး ပြောကြားခဲ့သည်။

အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်က အရက်ချက်သူများ၊ အရက်မျိုးစုံရောင်းချသူများသည် ထုတ်လုပ်ခွင့်၊ ရောင်းချခွင့်လိုင်စင်များရှိမှသာ ထုတ်လုပ်ရောင်းချမှုများကို ပြုလုပ်ကြရန်၊ လုပ်ငန်းလိုင်စင်မရှိဘဲ ထုတ်လုပ်ရောင်းချမှုအားတွေ့ရှိပါက ယခင်က ဒဏ်ကြေးငွေမျှနှင့်သာ ပြီးစီးနိုင်သော်လည်း ယခုအခါ ဒဏ်ကြေးငွေနှင့်မပြီးစီးနိုင်တော့ဘဲ ယစ်မျိုးဥပဒေဖြင့် အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

(၆၈၅)

တန်ဖိုးရှိလှလှူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

သစ်ပင်လဲကျမှုကြောင့် လျှပ်စစ်ဓာတ်တိုင်များပြိုလဲ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်းသွယ်အတွင်း စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီကသွယ်တန်းထားသော လျှပ်စစ်ဓာတ်ကြိုးများပေါ် စိန်ပန်းပင်လဲကျမှုကြောင့် ပဒုမ္မာလမ်းသွယ်တစ်လျှောက် လျှပ်စစ်ဓာတ်တိုင်များအပါအဝင် ဗားကရာလမ်း ကျွန်းတောကျောင်းတိုက် အနီးရှိ လျှပ်စစ်ဓာတ်တိုင် ခြောက်တိုင်ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ စိန်ပန်းပင်ပြိုလဲကျမှုနှင့် စပ်လျဉ်း၍ "လုံးပတ်လေးပေခွဲ ငါးပေနီးပါးရှိတဲ့ စိန်ပန်းပင်လဲကျတာပါ။ လဲကျတဲ့အချိန် လိုက်ထရပ်ယာဉ်ပေါ်မှာ တောင် သွားထောက်နေပါသေးတယ်။ အဓိကတော့ မိုးတောက်လျှောက်ရွာနေတဲ့အတွက် ရေစိမ့်ဝင်ပြီးအပင်ရဲ့ ရေသောက်မြစ် တိုသွားရတာပါ။ ဒါကြောင့် လဲကျတာပါ။ အားလုံး ဓာတ်တိုင်ခြောက်တိုင်ပြန်လဲရပါမယ်။ တိုင်တွေအားလုံး တစ်ပြိုင်တည်း လုပ်ဆောင်ပါ့မယ်။ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်မှာပါ" ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဓာတ်တိုင်များ အစားထိုးလဲလှယ်ပြုပြင်ရန် လိုအပ်သောပစ္စည်းများနှင့် ယာဉ်/ယန္တရားများအား Y.E.S.B လျှပ်စစ်ရုံးချုပ်နှင့် အနောက်ပိုင်းခရိုင်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လျှပ်စစ်ဝန်ထမ်းများ စုပေါင်းပြီး အများပြည်သူလျှပ်စစ်ဓာတ်အား ပုံမှန်ပြန်လည်သုံးစွဲနိုင်ကြစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် (ဝန်ကြီးများရုံးထောင့်) တွင် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီ ၃၅ မိနစ်က (၃၃)ယာဉ်လိုင်း ဘတ်စ်ကားနှင့် (၂၁၀) ယာဉ်လိုင်း ဘတ်စ်ကားနှစ်စီးတို့ မီးပွိုင့်ပျက်နေစဉ် ဖြတ်မောင်းကြရာမှ တိုက်မိကြရာ အဆိုပါလိုင်းကားနှစ်စီးပေါ်ရှိ ခရီးသည်တစ်ဦးစီ ဒဏ်ရာရရှိသွားပြီး (၂၁၀) ယာဉ်လိုင်း ဘတ်စ်ကားမှာ Panasonic အရောင်းပြခန်းရှေ့ရှိ သစ်ပင်နှင့်တိုက်မိပြီး ရပ်တန့်သွားစဉ်။

(သန့်ဇင်ဝင်း-NLM)

ဧရာဝတီမြစ်ရေကြီးပြီး ကမ်းပါးပြိုကျနိုင်သည့် ကျေးရွာများမှပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေး

နေပြည်တော် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဂွေးတောက်ချောင်းကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကမ်းပြိုမည်ကိုစိုးရိမ်ရသဖြင့် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဂွေးတောက်ချောင်းကျေးရွာမှ ကမ်းနှင့်နီးကပ်လျက်ရှိသည့် အိမ်ထောင်စု ၁၂ စုမှ လူဦးရေ ၃၄ ဦးအား ဂွေးတောက်ချောင်းကျေးရွာအတွင်းသို့လည်းကောင်း၊ ညောင်ကုန်းကျေးရွာမှ အိမ်ထောင်စုလေးစု လူဦးရေ ၁၆ ဦးတို့အား ညောင်ကုန်းကျေးရွာအတွင်းသို့လည်းကောင်း၊ ညောင်နီကုန်းကျေးရွာမှ အိမ်ထောင်စုနှစ်စု လူ ၁၁ ဦးတို့အား ညောင်နီကုန်းရွာအတွင်းသို့လည်းကောင်း၊ လန်ဒါကျေးရွာမှ အိမ်ထောင်စုတစ်စု လူဦးရေ လေးဦးတို့အား လန်ဒါကျေးရွာအတွင်းသို့ လည်းကောင်း ညောင်ကျိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

တူဒေးစာအုပ်တိုက်တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်တွင်းဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များ အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်၍ တူဒေးစာအုပ်တိုက်တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ် "မြန်မာ့အလှ" ဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ရှုခင်းများ၊ လူနေမှုဘဝများ (ကျေးရွာ၊ မြို့ပြ)၊ ပွဲတော်များ၊ မြန်မာ့အနုပညာလက်ရာများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ စသည့် နှစ်သက်ရာဓာတ်ပုံများဖြင့် ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၁၀လက်မ × ၁၅လက်မ အရွယ်အစားဖြင့် ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောက်တိုဘာ ၂၁ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ တူဒေးစာအုပ်တိုက်သို့ ပေးပို့ရမည်ဖြစ်သည်။ ပထမဆုကျပ် ၁၀ သိန်း၊ ဒုတိယဆုကျပ် ခုနစ်သိန်း၊ တတိယဆု ကျပ်သုံးသိန်း၊ နှစ်သိမ့်ဆု ကျပ် တစ်သိန်းဖြစ်ပြီး နှစ်သိမ့်ဆု ငါးဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို တူဒေးစာအုပ်တိုက် အမှတ်(H) လှိုင်မြင့်မိုရ်ကန်လမ်း ကန်ရိပ်မွန်အိမ်ရာ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၇၃၉၁၃၊ ၅၀၇၃၈၅ တို့သို့ စုံစမ်းထုတ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၁ ရက် နံနက် ၁ နာရီခန့်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လှိုင်မြို့နယ် ဘူတာရုံလမ်းတွင် ရေပြည့်ရေလျှံမှု ဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

(မဇေ)

လူကုန်ကူးသူတိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

တွေ့ရှိပါကကျေးဇူးဆပ်ပါမည်

Laptopနှစ်လုံး(hp 1000-1b 03AU Serial Number: 5CG3031W6G)နှင့် (Dell N4050 Serial Number:3RFSKTL) တို့ ပျောက်ဆုံးသွားပါသည်။ အရေးကြီး Data အချက်အလက်များ ထည့်သွင်းထားပါသဖြင့် တွေ့ရှိသူအား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၁-၃၈၅၀၅၂၊ ၃၈၅၅၇၃၊ ၃၉၁၃၂၈





ရယ်မောခြင်းနှင့်အတူ ပျော်ရွှင်ကြည်နူးမှုများသည် ပါလာစမြဲ၊ စိတ်ညစ်၊ စိတ်ထွေနေလျှင် မရယ်နိုင်ပါ၊ သာမန်အားဖြင့် ရယ်မောနေလျှင် ပီတိဖြစ်နေသည်။ စိတ်ကြည်လင်နေသည်ဟု မှတ်ယူနိုင်ပါသည်။ ရယ်နေသည့်အခိုက် ရယ်စရာဖြစ်ပေါ်မှုအပေါ် အာရုံစူးစိုက် ဈာန်ဝင်နေသည့်အတွက် သောက၊ ဗျာပါဒတို့ကို သတိမရ၊ စိတ်ဖိစီးမှုကင်းဝေးနေသည့်အတွက် "ရယ်သောသူသည် အသက်ရှည်သည်" ဟု ကျန်းမာရေးရှုထောင့်က ဆိုသည်။

လူတစ်ယောက်ရယ်မောပျော်ရွှင်လာအောင် လုပ်ဖို့ မလွယ်ပါ။ လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်သည်။ ဟာသသည် ပညာတစ်ရပ်၊ စာပေ၊ ရုပ်ရှင်၊ ပြဇာတ်နှင့် သဘင်လောကတို့တွင် ပေါ်ထွက်ခဲ့သော ဟာသပညာရှင်တို့၏ အရေအတွက်မှာ အခြားသော အနုပညာရှင်တို့၏ အရေအတွက်နှင့် နှိုင်းစာလျှင် ရာခိုင်နှုန်းအားဖြင့် နည်းလှသည်။

ဟာသသည် ခက်ခဲနက်နဲသော ပညာတစ်ရပ်ဖြစ်သော်လည်း အလေးပေးမခံရ၊ ဟာသပညာကို သာမန်မျှသာ သဘောထားတတ်ကြသည်။ ဟာသစာပေရှိသော်လည်း ဟာသစာပေထူးချွန်ဆုမရှိ၊ ဟာသရုပ်ရှင်ရှိသော်လည်း ဟာသအကယ်ဒမီထူးချွန်ဆုမရှိ၊ ထိုအချက်တွေက ဟာသပညာရပ်အပေါ် လေးလေးနက်နက်မရှိသေးကြောင်း သက်သေပြနေသည်။ သဘင်ပညာရှင်များသည် သဘင်အကယ်ဒမီထူးချွန်ဆုကို မျှော်လင့်နေကြကြောင်း စာစောင်အချို့တွင် ဖတ်လိုက်ရသည့်အတွက် ဟာသပညာရှင်များလည်း ဟာသအကယ်ဒမီထူးချွန်ဆုကို မျှော်လင့်နေကြမည်ထင်ပါသည်။

ကလိထိုးလျှင်လည်း ရယ်ရပါသည်၊ သို့သော် ဟာသမဟုတ်၊ အခံရခက်၍၊ ကြောင်းကျိုးဆက်စပ်ပြီး သဘာဝကျကျ၊ ဇာတ်ကွက်လှလှဖန်တီးပြနိုင်မှ ဟာသရသမြောက်ပေမည်။ ဟာသမြောက်အောင် ဇွတ်လုပ်ယူ၍မရ။ လက်ရာမြောက်လှသော တစ်ကွက်စာကာတွန်းများသည် တစ်သက်စာ မေ့မရနိုင်လောက်အောင် ဆွဲဆောင်မှုရှိသလို မရယ်ဘဲ အောင့်ထားနိုင်၍မရလောက်အောင် ဟာသဖြင့် ကလိနိုင်စွမ်းရှိသူတစ်ဦး၏ သရုပ်ဆောင်မှုများသည် စာရေးသူ၏ မျက်စိမှ မထွက်၊ မချိမချဉ်လုပ်နေသည့် သူ့မျက်နှာပေးကို ပြန်မြင်မိတိုင်း ယနေ့တိုင် ရယ်ချင်နေသေးသည်။

ဟာသဝိဇ္ဇာ၊ ပျော်တော်ဆက်သန်းနွဲ့

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

ထိုသူမှာ ပြည်သူချစ်သော ဟာသဝိဇ္ဇာ၊ ပျော်တော်ဆက် သန်းနွဲ့၊ ရုပ်ရှင်သရုပ်ဆောင် "ချာလီချက်ပလင်" သည် ဟာသဖြင့် ကမ္ဘာကျော်ခဲ့သလို မြန်မာပြည်မှာလည်း "သန်းနွဲ့" သည် ဟာသဖြင့် ထင်ပေါ်ခဲ့ပါသည်။ သူ့ခေတ်၊ သူ့ကာလက ကလေးရော လူကြီးပါမကျန် သူပါဝင်သော ဇာတ်ကားတိုင်း နှစ်သက်ခဲ့ကြသည်။

သူသည် သူချစ်သောအနုပညာဖြင့် ရိုးသားစွာ အသက်မွေးရင်း ဘဝကိုတည်ငြိမ်စွာ၊ တင့်တယ်စွာ ဖြတ်သန်းသွားနိုင်သောသူ၊ သူ့လိုလူအတူမရှိပါ။ သူ့မူ၊ သူ့ဟန်၊ သူ့သဏ္ဌာန်ကိုတုရန်လည်း ခက်လှသည်။ အကယ်ဒမီမြတ်လေး၊ အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ အကယ်ဒမီ ဦးကျော်လုံး၊ အကယ်ဒမီဦးသိန်းမောင်နှင့် ဒေါ်မြလေးတို့ကဲ့သို့ အစားထိုးမရသော အနုပညာရှင်။

သန်းနွဲ့၏ သားအကြီးဆုံးဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ရဲထွန်းနွဲ့(အတာ)၏ပြောပြချက်အရ "သန်းနွဲ့"သည် မိတ္ထီလာသား အဘဦးထွန်းမောင်(မီးရထားဝန်ထမ်း)နှင့် အမိဒေါ်လွန်းတို့မှ ၁၄-၂-၁၉၂၁ ရက်(တနင်္လာနေ့)တွင် ဖွားမြင်ခဲ့ပြီး အမည်အရင်းမှာ မောင်လှမောင်၊ မွေးချင်း ငါးယောက်ရှိသည့်အနက် တတိယမြောက်၊ မန္တလေးမြို့ BTN ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းမှကြီးမှူးသည့် ဟိုက်စကူး(အထက်တန်းကျောင်း)မှ မက်ထရစ် ဆယ်တန်းအောင်မြင်ခဲ့ပြီး မီးရထားဌာန၊ ကြေးနန်းဆက်သွယ်ရေး ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရုပ်ရှင်လူကြမ်းနှင့် ဟာသသရုပ်ဆောင် သာဂေါင်ကြီး (ဦးလှမောင်)နှင့် ဆက်နွှယ်ပြီး ဝန်ထမ်းဘဝမှ နုတ်ထွက်ကာ ရန်ကုန် ရုပ်ရှင်လောက သို့ဝင်ရောက်ခဲ့သည်။

ပြည်သူချစ်သော ဟာသဝိဇ္ဇာ၊ ပျော်တော်ဆက် သန်းနွဲ့၊ ရုပ်ရှင်သရုပ်ဆောင် "ချာလီချက်ပလင်" သည် ဟာသဖြင့် ကမ္ဘာကျော်ခဲ့သလို မြန်မာပြည်မှာလည်း "သန်းနွဲ့"သည် ဟာသဖြင့် ထင်ပေါ်ခဲ့ပါသည်။ သူ့ခေတ်၊ သူ့ကာလက ကလေးရော လူကြီးပါမကျန် သူပါဝင်သော ဇာတ်ကားတိုင်း နှစ်သက်ခဲ့ကြသည်။

၁၉၄၆ ခုနှစ် အသံတိတ်ခေတ် အေဝမ်းဖလင်မှ ဒါရိုက်တာ ဦးဘရှင် ရိုက်ကူးခဲ့သော "ခေတ်သစ်ဖာတစ်လုံးခေါင်းကျား" ဇာတ်ကားတွင် ဇာတ်ပို့ ဇာတ်ရန်အဖြစ် ပွဲဦးထွက်သရုပ်ဆောင်ခဲ့ပြီး ဇာတ်ပို့၊ ဇာတ်ရန်၊ လူရွှင်တော်၊ ဟာသမင်းသား၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ စသည်ဖြင့် ရိုက်ကူးခဲ့ သော ဇာတ် ကားပေါင်း ၁၄၃ ကား ရှိခဲ့ပြီး အများပိုင်အဖြစ်"စံပြ" ရုပ်ရှင်၊ ပုဂ္ဂလိက တစ်ဦးတည်းပိုင်အဖြစ် "ရွှေနှင့်မြ" ရုပ်ရှင်ကုမ္ပဏီတို့ကို တည်ထောင်ခဲ့သည်။

ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ "မာမီရှိန်း"(၁၉၅၀)၊ ကာတွန်းအောင်ရှိန်၏ နာမည်ကျော် ကာတွန်း ဇာတ်ဆောင် "စံရှား-ဒိန်းဒေါင်" ဇာတ်လမ်းများက ရုပ်ရှင်အဖြစ်အသက်သွင်း ရိုက်ကူးထားသော မှားတဲ့အခါလည်း မှားပေမပေါ့ (၁၉၆၄)၊ အောင်ပင်လယ်(၁၉၆၅)၊ အံ့သြကုန် နိုင်ဖွယ်(၁၉၆၆)နှင့် လကမ္ဘာသို့(၁၉၆၈)ဇာတ်ကားများ ဖြစ်သည်။ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ လင်းဆွဲ(၁၉၅၀)၊ ချစ်ပြဿနာ(၁၉၆၇)၊ အချစ်ရေ(၁၉၆၀)၊ စန်းပွင့်လာပြီ (၁၉၆၀)၊ ကျွန်တော့်ဇာတ်လမ်း(၁၉၆၀)၊ ကဲမာမာပဲ(၁၉၆၁)၊ စိန်လားဟော့မောင်တို့(၁၉၆၁)၊ မိချစ်တဲ့ မောင်(၁၉၆၂)၊ ဖြစ်ချင်တာလည်းမဖြစ် ရပါ (၁၉၆၂)နှင့် မောင်ချော့မြှူပါ့မယ် (၁၉၆၃)တို့ ဖြစ်သည်။

"ရွှေနှင့်မြ" ရုပ်ရှင်မှ ထုတ်လုပ်ခဲ့သော ဇာတ်ကားများမှာ မိချစ်တဲ့မောင်(၁၉၆၂)၊ မောင်ချော့မြှူပါ့မယ်(၁၉၆၃)၊ မြီးကောင်ပေါက်(၁၉၆၅)၊ တမာချိုချို (၁၉၆၆)၊ မင်းနဲ့ငါ (၁၉၆၇)၊ လကမ္ဘာ သို့(၁၉၆၈)၊ လူပျက်ကလေးမောင်ရွှေရိုး (၁၉၆၉)၊ ခွေးယပင့် စသတ်ချစ် (၁၉၆၉)၊ အားကစားနှင့် ပင်တိုင်စံ(၁၉၆၉)၊ ကိုကို ညီညီ(၁၉၇၆)၊ သန်းနွဲ့ကွယ်လွန်ပြီးနောက်သားဖြစ်သူ ဟာသသရုပ်ဆောင် သန်းနွဲ့လေး ထုတ်လုပ်ခဲ့သည့် "သန်းနွဲ့နှင့် သန်းနွဲ့အနုပညာ"(၁၉၇၅) တို့ကို ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ဘဝကြင်ဖော်အဖြစ် ဒေါ်ခင်ရွှေ၊ ဒေါ်သန်းမြတို့နှင့် ဖူးစာဆုံခဲ့ပြီး (၁)သားကြီး ရုပ်ရှင် သရုပ်ဆောင် ရဲထွန်းနွဲ့(သြစတြေးလျ)၊ (၂)သမီး မြင့်မြင့်နွဲ့ (ဂျပန်)၊ (၃)ဟာသသရုပ်ဆောင်သန်းနွဲ့လေး (ကွယ်လွန်)၊ (၄)သားရုပ်ရှင်သရုပ်ဆောင် သန်းထွန်းနွဲ့ (အင်္ဂလန်၌ ကွယ်လွန်)၊ (၅)သားငယ်ဒါရိုက်တာထွန်းအေးနွဲ့(ဂျပန်)တို့ကို မွေးဖွားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၉ ခုနှစ်သို့အရောက် ပြဇာတ်များ ခေတ်စားလာချိန်တွင် တစ်ဖက်မှ ရုပ်ရှင်ရိုက်ရင်း အခါအခွင့်သင့်ပါက ပန်းဆိုးတန်း "ဝင်းဝင်း" ရုံ၊ လမ်းမတော်အနောက်ပိုင်း "ကာဒေး"ရုံ၊ ရေကျော် "ဇော်" ပြဇာတ်ရုံတို့တွင် သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ပြဇာတ်ပေါင်းများစွာ တင်ဆက်နိုင်ခဲ့သူ၊ ပြဇာတ်ခေတ်တွင် ကိုယ်တိုင်ပါဝင်ကပြခဲ့ဖူးသည့် "သန်းနွဲ့"၏ ဇနီးဖြစ်သူ "ဒေါ်သန်းမြ"ပြောပြချက်အရ "သန်းနွဲ့"ဒါရိုက်တာအဖြစ် တင်ဆက်ခဲ့သော မင်းသား မျိုးမြင့်၊ မင်းသမီး ရို့စ်ငွေး တို့ပါဝင်သည့် "ချစ်ဖေဖေ"ပြဇာတ်၊ မင်းသားတက္ကသိုလ်မျိုးချစ်၊ မင်းသမီး ခင်အုန်းမြင့်တို့ပါဝင်သည့် "ချစ်ရန်စ"ပြဇာတ်၊ "စံပြမယား"ပြဇာတ်တို့မှာ ပရိသတ်၏ တောင်းဆိုချက်များအရ အကြိမ်ကြိမ်ပြန်လည်ကပြခဲ့ရသည်ဟု သိရှိရသည်။

"လှော်ကောင်းတုန်း တက်ကျိုး"ဆိုသလို ဟာသအနုပညာများ ဖန်တီးတင်ဆက်မှုအရှိန်ကောင်းနေဆဲ

အသက်(၅၀)အရွယ်သို့အရောက် ကျန်းမာရေးချို့ယွင်းလာသည့်အတွက် သားကြီးရဲထွန်းနွဲ့နှင့်အတူ အင်္ဂလန်သို့ သွားရောက်ဆေးကုသခဲ့သည်။ သို့သော် ရောဂါကျွမ်းနေပြီဖြစ်သည့်အတွက် ၇-၁-၁၉၇၁ ရက်တွင် လည်ချောင်းကင်ဆာဖြင့် ကွယ်လွန်ခဲ့သည်။ အများဆုံးတွဲဖက်ရိုက်ကူးခဲ့သော ရုပ်ရှင်မင်းသမီးမှာ ဝဏ္ဏကျော်ထင်အကယ်ဒမီ ကြည်ကြည်ငွေး၊ အကယ်ဒမီဝါဝါဝင်းရွှေ၊ အကယ်ဒမီစံရှားတင်၊ အကယ်ဒမီဒေစီကျော်ဝင်း၊ အကယ်ဒမီခင်သန်းနု၊ အကယ်ဒမီအေးအေးသင်း၊ တင်တင်ညို၊ ထားထားနွယ်နှင့် ရေဒီယိုတေးသံရှင် သန်းသန်းဆင့်တို့ဖြစ်ကြသည်။ ဟာသကွက်များ ပုံဖော်ဖန်တီးရာတွင် လူရွှင်တော်များ ဖြစ်ကြသော ချစ်မောင်၊ မြင့်ဖေ၊ ဂျော်လီဆွေ၊ ကြယ်နီ၊ သာဂေါင်၊ သာဆန်း၊ အေးကို၊ မစိန်ခင်၊ မအေးကြည်တို့နှင့် အပေးအယူ အချိတ်အဆက်မိမိ ပရိသတ်ကို ကလိနိုင်ခဲ့ကြသည်။ လူပင်သေသော်လည်း နာမည်မသေ၊ မြန်မာ့ရုပ်ရှင်သမိုင်းတွင် သူ၏ ဂုဏ်သတင်း ထုံသင်းဝေလျက်။ ။

ဥတုရာသီ တောကိုမှီ၍

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၉-၂၀၁၃ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၂)ပါ အများသိစေရန် ကြေညာချက် တရားလွှတ်တော်ရှေ့နေ ဦးနေလင်းထွန်း ကြော်ငြာတွင် ၁၀-၉-၂၀၁၁ အား ၁၀-၉-၂၀၁၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရောင်းမည်(သုဝဏ္ဏVIP)

(သုဝဏ္ဏ VIP)၊ သစ်ရာပင်လမ်းသွယ်၊ ပေ(၇၈×၈၀)၊ ၂ထပ် RC၊ MB ၄ခန်း၊ မီတာ(၂)လုံး၊ Ph(၂)လုံး ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်။

Ph:09-5003026, 09-420702880, 01-579126

"နိဂုံး" ---- ဘယ်လိုလဲ---- ဘယ်ကိုလဲ-----

ဒေါက်တာသစ်

ငယ်စဉ်ကတည်းက 'နိဂုံး'ဆိုတဲ့ စကားလုံးလေးကို သတိထားမိပြီး စိတ်ကူးယဉ်ခဲ့ပါတယ်။ ဝတ္ထုတစ်ပုဒ်ဖတ်ပြီးတိုင်း၊ ရုပ်ရှင်တစ်ကား ကြည့်ပြီးတိုင်း "ဟော့---နိဂုံးက ဘယ်လိုလဲ---ဘယ်လိုအဆုံးသတ်သွားလဲ၊ ပြီးတော့ ဘာတွေဆက်ဖြစ်သွားသေးလဲ" စသဖြင့် မဖတ်ရ၊ မကြည့်ရသေးသူတွေက မေးမြန်းသံတွေကို မကြာခဏ ကြားဖူးနေသလို ဖတ်ပြီးကြည့်ပြီးသူအချင်းချင်းလည်း ဒီဝတ္ထု၊ ဒီရုပ်ရှင်က ဇာတ်သိမ်း "နိဂုံး" ကောင်းတယ်၊ မကောင်းဘူး စသဖြင့် ဝေဖန်ကြပြီး နိဂုံးကောင်းလွန်းလို့ ခံစားလွယ်သူများအဖို့ မျက်ရည်လည်ရွဲနဲ့ ရုပ်ရှင်ရုံက ထွက်လာကြတာကိုလည်း မြင်ဖူးပါတယ်။

အလယ်တန်းကျောင်းသူဘဝက မြန်မာစာဆရာမ စာစီစာကုံးရေးနည်းသင်ပေးတော့ "စာစီစာကုံးတစ်ခုရဲ့ အဓိကအစိတ်အပိုင်းသုံးပိုင်းဖြစ်တဲ့ နိဒါန်း(အစ)၊ စာကိုယ်(အလယ်)၊ နိဂုံး(အဆုံးသတ်)သုံးပိုင်းထဲမှာ နိဂုံး(အဆုံးသတ်)က အရေးကြီးဆုံးဖြစ်ပါတယ်"လို့ ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ "အစနဲ့အလယ်မှာ ကိုယ်ရေးပြ၊ တင်ပြထားတဲ့ အကြောင်းအရာတွေကို ကျစ်လျစ်သိပ်သည်းစွာစုစည်းကာ ခေါင်းစဉ်နဲ့ကိုက်ညီပြီး ကိုယ်စားပြုခြုံငုံတဲ့ အဆုံးသတ် နိဂုံးဖြစ်ရမယ်တဲ့၊ ဒါမှ ကိုယ်တင်ပြခဲ့တာတွေ ပိုမိုပီပြင်ပြီး စာစစ်သူ၊ စာဖတ်သူရဲ့ရင်ထဲ၊ စိတ်ထဲမှာ စွဲထင်ကျန်ရစ်ကာ အမှတ်ကောင်းကောင်းရနိုင်မယ်တဲ့၊ နိဒါန်းနဲ့ စာကိုယ် ဘယ်လောက်ကောင်းကောင်း နိဂုံးမကောင်းရင် ပီပြင်တဲ့စာစီစာကုံးတစ်ခုရဲ့ အင်္ဂါရပ်တွေနဲ့ မပြည့်စုံရုံမျှမက အမှတ်လည်းကောင်းကောင်း မရနိုင်ပါဘူးတဲ့" -----

မြန်မာစာ စာစီစာကုံးသာမက အင်္ဂလိပ်စာစီစာကုံးမှာလည်း နိဒါန်း (Introduction)၊ စာကိုယ်(Body)နဲ့ နိဂုံး (Conclusion) တွေရှိပြီး Conclusion ဆိုတဲ့ နိဂုံးကလည်း အထူးအရေးကြီးပါတယ်။ အထူးသဖြင့် နိုင်ငံခြားတက္ကသိုလ်တွေကို ဝင်ခွင့်ရဖို့ University Application Essay တွေမှာလည်း ဒီအတိုင်းပဲ ရေးသားတင်ပြကြပါတယ်။

ငယ်ရွယ်တဲ့အချိန် အသိဉာဏ်နုနယ်စဉ် ကာလကတည်းက 'နိဂုံး' တွေရဲ့ အရေးကြီးပုံကို သတိထားမိရုံမျှမက 'နိဂုံး' တွေဟာ ကျွန်မဘဝအတွက် ပိုပြီး လေးနက်အဓိပ္ပာယ်ရှိလာပါတယ်။ တကယ်တော့ ' နိဂုံး' ဆိုတာ မြန်မာလို 'အဆုံးသတ်' လို့ အဓိပ္ပာယ်ရပြီး အင်္ဂလိပ်လိုတော့ 'Conclusion' ဖြစ်ပြီး ပါဠိစကား "နိဂမန" က ဆင်းသက်လာတာပါ။ 'နိဂုံး' ကို စကားပြောတဲ့အခါ 'ချုပ်' ဆိုတဲ့ စကားလုံးနဲ့တွဲပြီး 'နိဂုံးချုပ်' လို့ပြောလေ့ ရှိပါတယ်။

ကျွန်မတို့ ဆရာဝန်တွေဟာ လူနာတွေကို ဆေးကုသရုံမျှမက ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးကျောင်းသား/ဆရာဝန်တွေကို စာသင်ပေးရတဲ့ အလုပ်လည်း လုပ်ရပါတယ်။ ဒါကြောင့် နေ့တိုင်း နိဂုံးမျိုးစုံနဲ့ အကျွမ်းတဝင်ဖြစ်နေပါတယ်။

မနက်တိုင်း ဆေးရုံမှာ Ward Round (လူနာဆောင်အတွင်း လှည့်လည်စမ်းသပ်ခြင်း)လုပ်တဲ့အခါ စမ်းသပ်စစ်ဆေးတွေ့ရှိချက်များနဲ့ ရောဂါရာဇဝင်ဇာစ်မြစ်များကို အကျဉ်းချုပ်(Case Summary) အဖြစ်နဲ့ နိဂုံးချုပ်ပြီး Final Diagnosis (ရောဂါနာမည်) တပ်ရပါတယ်။ ပြီးမှ Treatment Plan (ကုထုံး) ကို ဆွေးနွေးဆုံးဖြတ်အဆုံးသတ်ရပါတယ်။ ဒါကြောင့် လူနာများ၏ ရောဂါဇာစ်မြစ်ရဲ့ ' ဇာတ်သိမ်းနိဂုံး' ကကုထုံးရဲ့အစ နိဒါန်း ဖြစ်လာပါတယ်။

ဆရာဝန်အများစုဟာ လူတစ်ယောက်ရဲ့ဘဝ မွေးဖွားခြင်းအစ နိဒါန်းကို သိနေကြသလို ဘဝအဆုံးသေဆုံး နိဂုံးကိုလည်း မြင်တွေ့ကြရပါတယ်။ ဒါတင်မကပါဘူး ဆေးကျောင်းသူ ကျောင်းသားတွေနဲ့ ဆရာဝန်ငယ်တွေကို စာတွေ့၊ လက်တွေ့သင်ကြားတဲ့ (Journal Reading နဲ့ Clinicial Meeting) အချိန်တွေမှာ (ရောဂါ-နိဂုံး)နဲ့ (စာတမ်း-နိဂုံး) ဆိုတဲ့ စကားလုံးတွေ အမြဲပဲ မြင်တွေ့၊ ကြားတွေ့ရပါတယ်။

မှတ်မှတ်ရရ မနေ့က တစ်နေ့တည်းမှာ နိဂုံးနဲ့ နိဂုံးချုပ်ဆိုတဲ့ စကားလုံးလေးကို အကြိမ် ၅၀ ကျော်ကြားခဲ့ရပါတယ်။ မနက်ပိုင်း ဆေးတက္ကသိုလ်(၁) ရဲ့ အစည်းအဝေးခန်းမမှာ မျက်စိအထူးကုဆရာဝန်တွေအတွက် ပြုလုပ်တဲ့ Med. Sc Dissertation Protocol Board (ကျမ်းငယ်ပဏာမအကဲဖြတ်ခြင်း)တွင် ပါမောက္ခချုပ်က အဖွင့်အမှာစကားမှာတောင်မှ "နိဂုံးချုပ်" အနေနဲ့ ပီပြင်တဲ့ Research Paper များဖြစ်အောင် တိုက်တွန်းပြောကြားခဲ့တဲ့ (စကား-နိဂုံး) ကစပြီး ဆရာဝန်ရှစ်ယောက်ရဲ့ မူကြမ်း (Protocol) အားလုံးမှာလည်း (Conclusion) ဆိုတဲ့ နိဂုံးအခန်းပါနေတော့ (စာတမ်း-နိဂုံး)ဆိုတာကို အကြိမ် ၂၀ ကျော် ကြားသိခဲ့ရပါတယ်။

အဲဒီနေ့ နေ့လယ်ပိုင်းမှာ ဆေးပညာဌာနမှာ ပါမောက္ခတစ်ဦးကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဌာနအသစ်တစ်ခုမှာ ညွှန်ကြားရေးမှူးချုပ်ရာထူးကို မြှင့်တင်ခဲ့တဲ့အတွက် နှုတ်ဆက်ပွဲပြုလုပ်တဲ့ အခမ်းအနားမှာ လုပ်ဖော်ကိုင်ဖက် ဆရာဝန်ကြီးလေးယောက်က အမှတ်တရ ဂုဏ်ပြုနှုတ်ဆက်စကားတွေ ပြောတော့လည်း စကားတွေရဲ့ အဆုံးမှာ "နိဂုံးချုပ်" ဆိုတဲ့ (စကား-နိဂုံး) လေးတွေကို ကြားခဲ့ရပါတယ်။ ပြောင်းရွှေ့ရမယ့် ဆရာဝန်ကြီးကလည်း ဒီကနေ့ကတော့ "သူရဲ့ဘဝ တစ်ဆစ်ချိုး" လေးပါပဲတဲ့။ ဆေးကုသတဲ့ (Clinicial) ဘဝကို နိဂုံးချုပ်ပြီး စီမံအုပ်ချုပ်ရတဲ့ (Administrator) ဘဝကို ရောက်သွားပါပြီဆိုတဲ့ "နိဂုံး" စကားလေးကို ကြားရတော့ အလုပ်တာဝန်တစ်ခုရဲ့ "နိဂုံး" က နောက်အလုပ်တစ်ခုရဲ့အစ နိဒါန်းဖြစ်နေပါတယ်။

ဆေးပညာ ပါမောက္ခ၊ ဌာနမှူးကလည်း သူလည်းမကြာခင်ရက်အတွင်း သက်ပြည့်ပင်စင်ယူတော့မယ့်အကြောင်း (ဝန်ထမ်းဘဝ-နိဂုံး) လေးကိုပါ ထည့်ပြောသွားပါတယ်။ ဝန်ထမ်းဘဝရဲ့ နိဂုံးက ပင်စင်စားဘဝရဲ့ နိဒါန်းပါပဲ။

ဒါကြောင့် "နိဂုံး"ဆိုတာ ဘဝရဲ့ နောက်ဆုံးထွက်သက်အချိန် တစ်ခုတည်း မဟုတ်ဘဲ ဘဝတစ်လျှောက်လုံးမှာ ကြုံတွေ့ရတဲ့အချိုးအကွေ့အပြောင်းအလဲ အားလုံးဟာလည်း မှတ်တိုင်-နိဂုံးတွေပါပဲ။ ရင်ဆိုင်ဖြေရှင်းနေရတဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဘဝပြဿနာ အားလုံးမှာလည်း အစ၊ အလယ်တွေ ရှိနေသလို အဆုံးဆိုတဲ့ နိဂုံးတွေလည်း ရှိနေပါတယ်။ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ စီမံကိန်းများ၊ စီမံချက် (Project)၊ သုတေသန (Research) များမှာလည်း (အပြီးသတ်-နိဂုံး)ဆိုတာ အမြဲရှိနေပါတယ်။

နေ့တိုင်း သတင်းစာများ၊ ဂျာနယ်များမှာ ဖတ်ရှုရတဲ့ အဖြစ်အပျက်၊ အကြောင်းအရာ၊ အရေးအခင်း၊ ပဋိပက္ခများအားလုံးမှာလည်း 'နိဒါန်း၊ စာကိုယ်၊ နိဂုံး'တွေ ရှိနေပါတယ်။ ဒါတွေကတော့ (အဖြစ်အပျက်-နိဂုံး) တွေပေါ့။ ဒ့ါကြောင့် "နိဂုံးနဲ့ နိဂုံးချုပ်" စကားလုံးတွေက နေရာတိုင်းမှာ အသုံးဝင်နေသလို တန်ဖိုးလည်း ကြီးမားတဲ့အပြင် နိဂုံးတွေက နိဒါန်းတွေရဲ့ အစပါပဲ။

ဘယ်လိုလဲ. . . ဘယ်ကိုလဲ

ဘယ်လိုလဲ. . . ဆိုတာကတော့ အထက်တန်းကျောင်းသားဘဝရဲ့ "နိဂုံး"က ၁၀ တန်းကို ဂုဏ်ထူးငါးခုနဲ့ အောင်တာဖြစ်ပြီး ဘယ်ကိုလဲ. . . ဆိုတာကတော့ ဆေးတက္ကသိုလ်ကျောင်းသားဆိုတဲ့ တက္ကသိုလ်ကျောင်းသား ဘဝရဲ့ "နိဒါန်း"ပါပဲ။ ဆေးကျောင်းသားဘဝရဲ့ "နိဂုံး"ကတော့ လက်ထောက်ဆရာဝန်တစ်ယောက်ရဲ့"နိဒါန်း" ဖြစ်ပါတယ်။

ဒီလိုပါပဲ လုပ်ငန်းတာဝန် ထမ်းဆောင်နေတဲ့သူ သမ္မတပဲဖြစ်ဖြစ်၊ ဝန်ကြီးချုပ်ပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာအဆင့်ဆင့်များမှာ တာဝန်ထမ်းဆောင်နေတဲ့ သူတွေပဲဖြစ်ဖြစ် တာဝန်ထမ်းဆောင်ရတဲ့ ကာလတစ်ခုပြီးဆုံးသွားတဲ့အချိန်မှာ ဘယ်လို"နိဂုံးချုပ်"သွားသလဲ။ ပြီးတော့ ဘာတွေဆက်လုပ်ကြသလဲဆိုတာ အရေးကြီးပါတယ်။

ဘုန်းကြီးတွေ၊ ဘွားသီလရှင်တွေမှာလည်း ဘယ်လိုအကြောင်းကြောင့် လူဝတ်ကြောင်ဘဝကို နိဂုံးချုပ်စွန့်လွှတ်ပြီး သာသနာ့ဘောင်ထဲဝင်ပြီး သာသနာတော်အတွက် ဘာတွေဆက်ပြီး လုပ်ကြမှာလဲ။ အိမ်ထောင်သည်တွေရဲ့ ဘဝ "နိဂုံး"မှာလည်း အိုအောင်မင်းအောင် သက်ဆုံးတိုင်ပဲ ပေါင်းဖက်ကြသလား။ ဒါမှမဟုတ် ကွာရှင်းပြတ်စဲခြင်းနဲ့ နိဂုံးချုပ်ပြီး နောက်အိမ်ထောင် ထူထောင်သွားသလား စသဖြင့် ပါပါတယ်။

ဗုဒ္ဓဘာသာအယူအဆအရကတော့ သက်ရှိလူတွေရဲ့ဘဝ ဘယ်လိုသေဆုံး"နိဂုံးချုပ်"ပြီး တမလွန်မှာ ဘယ်လိုဘဝမျိုးတွေကို ရောက်သွားမလဲ ဆိုတာ အသက်ရှင်တုန်း မိမိလုပ်ခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တွေအပေါ်မှာ မူတည်ပြီး ဘဝသံသရာတွေထဲမှာ ကျင်လည်နေရဦးမှာပါ။ ဘဝသံသရာရဲ့ တကယ့် "နိဂုံး"အစစ်ကတော့ နိဗ္ဗာန်ပါပဲ။

နိဂုံးကိုဆုံးဖြတ်ဖန်တီးနိုင်ခွင့်ရှိသူများ

စာရေးဆရာများ ၊ရုပ်ရှင်ဇာတ်ညွှန်းဒါရိုက်တာများ၊ လက်မှုပညာရှင်များက သူတို့ရဲ့ စိတ်ကူးခံစားချက်တွေနဲ့(အဖြစ်မှန်-အတ္တုပ္ပတ္တိမဟုတ်တဲ့) ဝတ္ထုဇာတ်လမ်းတွေရဲ့"နိဂုံး"အဆုံးသတ်တွေကို သူတို့ရဲ့ ဝတ္ထုရုပ်ရှင်တွေမှာ ကြိုက်သလို ဆုံးဖြတ်ဖန်တီးနိုင်သလို ပန်းချီ၊ ပန်းပု၊ ပညာရှင်တွေကလည်း သူတို့ရဲ့ အနုပညာလက်ရာကို ကြိုက်သလို ဖန်တီးပိုင်ခွင့်ရှိပါတယ်။

နိုင်ငံကို အုပ်ချုပ်မင်းလုပ်နေတဲ့ ဘုရင်များ၊ သမ္မတများ၊ အကြီးအကဲများကလည်း တိုင်းသူပြည်သားတွေရဲ့ ဘဝကံကြမ္မာနိဂုံးကို ဆုံးဖြတ်ဖန်တီးပေးနိုင်ပါတယ်။ (ဥပမာ-ကျေးကျွန်ဘဝမှ လွတ်မြောက်စေခြင်း၊ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း)

စစ်မျိုးတွေကလည်း စစ်မြေပြင်မှာရှိနေတဲ့ စစ်သားတွေနဲ့ စစ်သုံ့ပန်းတွေရဲ့ဘဝ"နိဂုံး"ကိုလည်း အဆုံးအဖြတ်ပေးနိုင်သူတွေပါပဲ။ ဒါတွေကတော့ လောကီရှုထောင့်ရဲ့ အမြင်တွေပါ။ လောကုတ္တရာရှုထောင့်အနေနဲ့ကတော့ မိမိယခုလက်ရှိဘဝမှာ ဖြစ်ပျက်ခံစားနေရတဲ့ ကံကြမ္မာအကျိုးတရားတွေက ပြီးခဲ့တဲ့အချိန် အတိတ်ဘဝတွေက ပြုခဲ့တဲ့အကြောင်းတရားတွေပါပဲ။

ဒါကြောင့် လူသားအားလုံးဟာ သူတို့ဘဝရဲ့နိဒါန်း၊ စာကိုယ်တွေသာမက "နိဂုံး"ကိုပါ အဆုံးအဖြတ်ပေးနိုင်ရုံမျှမက ကိုယ့်ကံကြမ္မာကိုပါ ဖန်တီးနိုင်ခွင့် ရှိသူတွေပါ။

နာမည်နိဂုံး

လူများပြောလေ့ရှိတဲ့ စကားလေးတစ်ခုကတော့ "လူသေပေမယ့် နာမည်မသေဘူး" ဆိုတာပါပဲ။ လူပုဂ္ဂိုလ်တွေသာမက ဘုန်းကြီး၊ သီလရှင်တွေရဲ့ ဘဝ နိဂုံးချုပ်သွားပေမယ့် နာမည်နိဂုံးမချုပ်သေးဘဲ ယနေ့ထက်တိုင် ကောင်းသတင်း ထင်ရှားကျော်စောနေကြတုန်းပါ။ အဲဒါတွေက သူတို့ သက်ရှိထင်ရှားရှိစဉ်က လုပ်ခဲ့တဲ့ လုပ်ရပ်တွေကြောင့်ပါ။ ဥပမာ- ကျွန်မတို့၏ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားခဲ့တာ နှစ်ပေါင်း ၂၅၀၀ ကျော်သွားပေမယ့်လည်း ဗုဒ္ဓရဲ့ဓမ္မ အဆုံးအမများနဲ့အတူ ဗုဒ္ဓဘာသာသာသနာတော်ဟာ ကမ္ဘာပေါ်မှာ တည်တံ့ခိုင်မြဲနေဆဲပါ။ ဒီလိုပါပဲ လယ်တီဆရာတော်ကြီး၊ မင်းကွန်းဆရာတော်ကြီး အစရှိတဲ့ သာသနာတော်ရဲ့အထင်ကရ ပုဂ္ဂိုလ်ကြီးများအပြင် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ရယူပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးချုပ်ဦးနုနဲ့တကွ လွတ်လပ်ရေးသမိုင်းတွင် သက်စွန့်ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် အစရှိတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေရဲ့ နာမည်ကလည်း အခုထိ နိဂုံးမချုပ်သေးပါဘူး။

ဒါကြောင့်လူတွေဟာ ကိုယ်သက်ရှိထင်ရှားရှိနေစဉ် အလုပ်တာဝန်ထမ်းဆောင်ရတဲ့ ကာလအပိုင်းအခြားများမှာ ဉာဏ်ပညာ အမြော်အမြင်ကြီးမားပြီး ကိုယ်ချင်းစာတရားများစွာနဲ့ ဆောင်ရွက်ပေးခဲ့ကြမယ်ဆိုရင် ဘဝနိဂုံးတွေ ကောင်းမှာဖြစ်သလို နာမည်နိဂုံးတွေလည်းကောင်းပြီး ကျန်ရစ်ခဲ့ကြရမှာပါ။

လူ့ဘဝတွေက တာဝေးအပြေးသမားတွေလိုပါပဲ။ (အစ)တာထွက်ကောင်းပြီး (အလယ်)တစ်လျှောက်လုံး မမောမပန်းပြေးနိုင်ခဲ့ရုံမျှမက (နိဂုံး) ပန်းဝင်နိုင်အောင် အကောင်းဆုံးကြိုးစားရမှာပါ။ အမှန်တော့ စာစီစာကုံးတွေ၊ ဇာတ်လမ်း၊ ရုပ်ရှင်တွေက လူ့ဘဝတွေရဲ့ အဖြစ်အပျက်မှတ်တမ်းလေးတွေပါ။ ဝတ္ထုဇာတ်လမ်းတွေကောင်းရင် ထပ်ခါတလဲလဲဖတ်ချင်၊ ကြည့်ချင်ပြီး တသသစွဲလမ်းရသလို. . .။

လူတွေရဲ့ ဘဝတွေနဲ့အတူ ပြုလုပ်နေတဲ့လုပ်ငန်းတွေဟာ စာစီစာကုံးကောင်းတစ်ပုဒ်လိုပဲ (အစ)နိဒါန်း၊ (အလယ်)စာကိုယ်တွင်သာမက အရေးကြီးဆုံးဖြစ်တဲ့ (အဆုံးသတ်) နိဂုံးကောင်းမယ်ဆိုရင် တသသစွဲလမ်းကျန်ရစ်နေကြရမှာပါ။ ။

ညောင်လေးပင်မြို့၌ အမျိုးသားတစ်ဦး ရထားလမ်းပေါ်တက်ထိုင်နေရာမှ ရထားကြိတ်ခံရ၍ သေဆုံး

ညောင်လေးပင် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ တော်ဝိစံပြကျေးရွာအနီး မိုင်တိုင်အမှတ် (၉၆/၅)နှင့် (၉၆/၆)အကြားတွင် စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ က အမျိုးသားတစ်ဦး ရထားကြိတ်ခံရကြောင်းသိရသည်။

ဖြစ်စဉ်မှာ သာစည်ဘက်မှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော သာစည်-ရန်ကုန် အစုန်ရထားသည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာအနီး ပေါက်တောရွာနှင့် ကောက်ကွေ့ရွာအကြား အရောက်တွင် ရထားလမ်းပေါ်တက်ထိုင်နေသောသူအား ရထားခေါင်းတွဲနှင့် ဝင်တိုက်မိသဖြင့် သုံးပိုင်းပြတ်ကာသေဆုံးသွားသည်။ သေဆုံးသူမှာ တော်ဝိစံပြကျေးရွာနေ ဦးမြင့်သန်း အသက်(၄၂)နှစ်ဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူသည် တော်ဝိစံပြကျေးရွာတွင်နေထိုင်၍ စိတ်မမှန်ဘဲ လျှောက်သွားနေကြောင်း၊ အိမ်မှာမနေဘဲ လျှောက်သွားနေသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်ကြောင်း သေဆုံးသူ၏ဇနီးထံမှ သိရသည်။ စက်ခေါင်းမောင်း၏ပြောပြချက်အရ "ပေ ၂၀၊ ၃၀ ခန့်အကွာအရောက်တွင် လူတစ်ယောက်ထိုင်နေတာမြင်တွေ့ရသဖြင့် ဥသြဆွဲအချက်ပေးလိုက်ပါတယ်၊ သို့ပေမယ့် ထိုသူကထပြီးထွက်မပြေးဘဲ ရထားလမ်းပေါ်ပက်လက်လှန်အိပ်ချလိုက်တဲ့အတွက် ရထားကြိတ်ခံရခြင်းဖြစ်ပါတယ်"ဟု တော်ဝိစံပြကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့်သိရှိရသည်။

နေလင်း(ညောင်လေးပင်)

အန္တရာယ်ကိုဖိတ်ခေါ်နေ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ဗဟို)မှ ခရီးသွားပြည်သူအသက်အန္တရာယ်ကင်းရှင်းစေရန် စည်းကမ်းချက်များချမှတ်၍ မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲစေသော်လည်း စည်းကမ်းမလိုက်နာသည့်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည်ကို မကြာခဏ ကြားသိခဲ့ကြရသည်။

စက်တင်ဘာ ၂၂ ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ်စက်ရုံလမ်းပေါ်၌ သာကေတဘက်မှ မောင်းနှင်လာသည့်(၂၅၈) လိုင်းကားတံခါးမပိတ်ဘဲ အတွယ်များဖြင့်မောင်းနှင်လျက်တွေ့ရှိရသည်။**(အပေါ်ပုံ)** မိမိအသက်ကို အလေးမထားဘဲ တွယ်စီးမှုကြောင့် အသက်အန္တရာယ် အချိန်မရွေးကြုံတွေ့နိုင်သလို ယာဉ်နောက်လိုက်များကလည်း အတွယ်ခရီးသည်များမတင်ဘဲ မော်တော်ယာဉ်တံခါးပိတ်မောင်းနှင်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက်အကျိုးရှိမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

(၁၉၇)

အလှူသွားစားရာမှ အစာအဆိပ်သင့်မှုဖြစ်ပွား

ညောင်လေးပင် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စု ကွင်းဒလေးကျေးရွာ သီရိမင်္ဂလာ အင်းဝိုင်းတောရ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီမှ စတင်ကာ ကျွန်းစုရွာသားများစုပေါင်း၍ အလှူပြုလုပ်ရာ အလှူတွင်ကျွေးမွေးသည့် မုန့်ဟင်းခါးစားမိရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက်တွင် ကွင်းဒလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရွာဓလေ့အတိုင်း အနီးအနားကျေးရွာများစုပေါင်း၍ အလှူပြုလုပ်ရာ အလှူတွင် မုန့်ဟင်းခါးကျွေးမွေးဧည့်ခံခဲ့ကြပြီး ယင်းရွာအနီးရှိ ကျွန်းစုရွာ၊ တရုတ်စုရွာ၊ ဘူတာစုရွာတို့မှ ရွာသူရွာသားများလာရောက် စားသောက်ခဲ့ကြ၏။ ထိုသို့စားသောက်ပြီးနောက် စက်တင်ဘာ ၂၁ ရက် နံနက် ၁ နာရီကျော်မှစ၍ အလှူပွဲလာရောက်ကြသည့် လူဦးရေပေါင်း ၁၁၁ ဦးခန့် မူးဝေခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဖျားနာခြင်းများဖြစ်ခဲ့ကြ၍ တရုတ်စုရွာမနေ မောင်ခိုင်ဝင်းအောင်(၁၉) နှစ်၊ ကွင်းဒလေးရွာနေ ဒေါ်သိန်းသိန်း(၆၂)နှစ်တို့အား မဒေါက်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေပြီး ကျန်လူနာများကို အလှူပြုလုပ်သော ကွင်းဒလေးကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းတွင် ဆေးကုသပေးလျက်ရှိသည်။ အခင်းဖြစ်လျှင်ဖြစ်ချင်း အခင်းဖြစ်နေရာသို့ ညောင်လေးပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဇော်နှင့် တာဝန်ရှိသူများသွားရောက်ခဲ့ကြပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

(၅၆၈)

လှည်းကူးမြို့နယ်၌ အမျိုးသမီးတစ်ဦးကြိုးဆွဲချသေဆုံး

ရန်ကုန် စက်တင်ဘာ ၂၃

ဘောလုံးပွဲကြည့်သည့်ကိစ္စဖြင့် စကားများရန်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက် ည ၈ နာရီ ၄၅ မိနစ်က အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံးသွားသော သေမှုသေခင်းတစ်ခု လှည်းကူးမြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုနေ့ညက ဒါးပိန်ရဲစခန်းမှ ရဲအုပ်မင်းဦးသည် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် လှည်းကူးမြို့နယ် စစ်ပင်ရွာ ဦးတင်ရွှေပိုင် လယ်တဲတွင် အမျိုးသမီးတစ်ဦးသေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ စစ်ပင်ရွာနေ မသက်သက်ဆွေ(၂၁)နှစ်ဖြစ်ပြီး နေအိမ်တဲအတွင်းအမြင့် ကိုးပေခန့်ရှိ ခေါင်မိုးဝါးတန်းတွင် အရှည် ၁၈ ပေခန့်ရှိ လက်သန်းလုံးခန့် နွားချည်သည့် အစိမ်းရောင် ပလတ်စတစ်ကြိုးဖြင့် ချည်လျက် ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရဘဲ ကြိုးဆွဲချသေဆုံးသည့် လက္ခဏာများဖြင့်သေဆုံးနေသည်ကို တွေ့ရသည်။

ပတ်ဝန်းကျင်အား မေးမြန်းစစ်ဆေးရာ သေဆုံးသူမှာ ၎င်း၏ခင်ပွန်း သက်ကို(၂၅)နှစ်နှင့် ဘောလုံးပွဲကြည့်သည့်ကိစ္စဖြင့် ရန်ဖြစ်စကားများပြီး ခင်ပွန်းသည် ဘောလုံးပွဲကြည့်ရန် ထွက်သွားပြီး ည ၈ နာရီခွဲပြန်ရောက်စဉ် ကြိုးဆွဲချသေဆုံးနေသည်ကိုတွေ့ရကြောင်း၊ အခင်းဖြစ်တဲအတွင်း၌ စာရွက်ပိုင်းနှင့် စာရေးထားခဲ့ကြောင်း၊ ဒါးပိန်းရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၈/၂၀၁၃ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၃၁)

ရုပ်ပျက်ဆင်းပျက် ဒဏ်ရာများဖြင့် လူငယ်တစ်ဦးသေဆုံး

ရန်ကုန် စက်တင်ဘာ ၂၃

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်း တိုက်ညီနောင်နှင့် အထက်ပန်းဆိုးတန်းမီးပွိုင့်အနီး နံနက် ၅ နာရီခွဲခန့်က အသက်(၂၅)နှစ်အရွယ် လူငယ်တစ်ဦး အဝတ်အစားမပါ ကိုယ်တုံးလုံးအနေအထားဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို စည်ပင်သာယာအရာရှိတစ်ဦးက အကြောင်းကြားသဖြင့် အမှတ်(၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က သေမှုသေခင်းဖွင့်လှစ်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

(၁၉၇)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ပြည်တွင်းရေးရာ

အောင်ဇေယျဘိဆုတောင်းပြည့်စေတီတော်သို့ ရွှေစင်ရွှေသားလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော အောင်ဇေယျဘိဆုတောင်းပြည့်စေတီတော်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်ကွက်(၃၂) ရပ်ကွက်ရှိ လမ်းအသီးသီးတွင် ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်အထိ ရပ်ကွက်အတွင်းပြည်သူများလှူဒါန်းငွေကျပ် ၂၁၆ သိန်းနှင့် ရတနာပစ္စည်းမျိုးစုံ လက်ခံရရှိကြောင်း သိရသည်။ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန် တော်သလင်းလပြည့်နေ့က ရွှေပြားအလှူရှင် ထိုင်းနိုင်ငံပညာရေးဝန်ကြီးနှင့် ဇနီးတို့က အလှူငွေကျပ် ၅၀၀၀၀၀ နှင့် US$ ၂၀၀၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အရှင်ဉာဏဗလက ရွှေပြား ၁၂ ချပ်၊ ဦးအောင်ကျော်ကျော် DII မိသားစုက ခြောက်ချပ်၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ မိဘရိပ်သစ်စက်မိသားစုက သုံးချပ်၊ ဦးစန်းမောင်မိသားစုကသုံးချပ်၊ သီတဂူ ဦးစိန်လွင်မိသားစုက သုံးချပ်၊ ဦးသိန်းဝင်း(GSM) စက်မှုအင်ဂျင်နီယာချုပ်မိသားစုက နှစ်ချပ်၊ ဦးခင်မောင်ဝေ-ဒေါ်လှလှမြင့်မိသားစုက နှစ်ချပ်၊ရတနာစည်ကုမ္ပဏီက နှစ်ချပ်၊ ဗိုလ်ချုပ်တင်ထွန်း(ကွယ်လွန်)နှင့်ဇနီး၊ ဒေါ်ခင်မြင့်မေ မိသားစုက နှစ်ချပ်၊ဦးမျိုးမြင့်သန်း-ဒေါ်ငြိမ်းငြိမ်း မိသားစုက တစ်ချပ်၊ ရွှေပင်ငွေပင် ဦးသန်းထွန်းမိသားစုက တစ်ချပ်၊ စေတီတော်ဂေါပကအဖွဲ့က တစ်ချပ်၊ ဦးလှထွန်း-ဒေါ်ခင်ဌေးကြွယ်မိသားစုက တစ်ချပ်၊ ဦးခင်မြင့်-ဒေါ်သန်းသန်းစိုး မိသားစုက တစ်ချပ်၊ ဒေါ်ကြည်ကြည်ဝင်း မိသားစုက တစ်ချပ်၊ ကွယ်လွန်သူ ဦးမောင်မောင်အား ရည်စူး၍ ဒေါ်ခင်ဝေမိသားစုက တစ်ချပ်၊ စေတီတော်ဝတ်အသင်းအဖွဲ့များက တစ်ချပ် စုစုပေါင်း ၄၃ ချပ်ကို အလှူရှင်အသီးသီးက လှူဒါန်းကြသည်။

စေတီတော်သို့ လှူဒါန်းလိုလျှင် ရွှေစင်ရွှေသား ၉လက်မ×၉ လက်မ တစ်ချပ် ငွေကျပ် ၁၀၆၆၀၀၀ ၊ရွှေမျက်ပါး (ရွှေဆိုင်း)၉လက်မ×၉လက်မ တစ်ချပ် ငွေကျပ်၂၃၀၀၀နှုန်းဖြင့် ဂေါပကအဖွဲ့ ဖုန်း-၀၁-၅၉၁၄၀၉နှင့် ရုံးအဖွဲ့မှူး ဖုန်း- ၀၉-၇၃၀၆၂၀၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

မြို့နယ်သတင်းထောက်များအရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းဖွင့်

မန္တလေး စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထက်မြန်မာပြည် မြို့နယ်သတင်းထောက်များ အရည်အသွေးမြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်း (၁/၂၀၁၃) ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ ဖွင့်ပွဲတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပြင်ပမှသတင်းစာဆရာ၊စာရေးဆရာများက အမှာစကားပြောကြားကြပြီး သတင်းစာဆရာ၊ စာရေးဆရာတရားလွှတ်တော်ရှေ့နေ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်) က သတင်းထောက်များ အထူးသတိထားရမည့် တရားဥပဒေဆိုင်ရာ ကိစ္စရပ်များကို ဟောပြောပို့ချသည်။

ညနေပိုင်းတွင် မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက စာနယ်ဇင်းကျင့်ဝတ်များအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူ မြို့နယ်သတင်းထောက်များက ပြန်လည်ဆွေးနွေးတင်ပြကြသည်။ သင်တန်းအပြီးတွင် သင်တန်းသားသင်တန်းသူများသည် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် သတင်းစာလက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်ထိပြုလုပ်မည်ဖြစ်ပြီး ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)၊ ဦးရွှေ (ရွှေရိုး-မန္တလေး)၊ ဦးဟန်ညွန့် (ဥပဒေ)တို့က သတင်းစာလုပ်ငန်းနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ဟောပြောပို့ချသွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းသား သင်တန်းသူများကို Gold Roast မှ Coffee-mix များဖြင့် နေ့စဉ် ကုမ္ပဏီဝန်ထမ်းများ ကိုယ်တိုင်ဧည့်ခံကြောင်း သိရသည်။

(မန်းကိုယ်ပွား)

ဗထူးအားကစားခန်းမ အကြီးစားပြုပြင်မည်

မန္တလေး စက်တင်ဘာ ၂၃

မန္တလေးမြို့ အားကစားနှင့်ကာယသိပ္ပံပညာဦးစီးဌာနပိုင် ဗထူးအားကစားခန်းမအား အကြီးစားပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က ပြန်လည်ပြုပြင်မွမ်းမံထားခဲ့သော မိုးလုံလေလုံဗထူးအားကစားခန်းမသည် အမိုးများပျက်စီးနေသဖြင့် ရေယိုမှုများကြောင့် ကြမ်းခင်းများဆွေးမြည့်နေခြင်း၊ ခြစားခြင်းများဖြစ်ပေါ်နေသဖြင့် ပြင်ဆင်ရန် တင်ဒါခေါ်ယူထားပြီး အကြီးစားပြင်ဆင်သွားမည်ဖြစ်သည်။

ဗထူးအားကစားခန်းမတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပွဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်းအားကစားပြိုင်ပွဲများလက်ခံကျင်းပလျက်ရှိပြီး တိုင်းဒေသကြီး ဘော်လီဘော၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ကရာတေး၊ သိုင်း၊ ကျွမ်းဘားအားကစားသင်တန်းသားများ လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

ခရီးသည်တင်သုံးဘီးဆိုင်ကယ်နှင့် လုပ်ငန်းသုံး သုံးဘီးဆိုင်ကယ်များအား စစ်ဆေးအရေးယူ

ပဲခူး စက်တင်ဘာ ၂၃

ပဲခူးခရိုင် ပဲခူးမြို့တွင်းတွင် ခရီးသည်တင်သုံးဘီးဆိုင်ကယ်များနှင့် လုပ်ငန်းသုံး သုံးဘီးဆိုင်ကယ်များအား နေ့စဉ် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ လိုင်စင်၊ ဝိုးတက်၊ ကြံ့ခိုင်မှုမရှိသောယာဉ်များ၊ စည်းကမ်းပျက်ယာဉ်များ၊ ကလေးသူငယ်များလိုက်ပါမောင်းနှင်နေသောယာဉ်များကို မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီအဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များသည် လှည့်ကင်းကားဖြင့် အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ယာဉ်ဝင်းသစ်ရှေ့၌ ဖမ်းဆီးအရေးယူဆောင်ရွက်နေသည်ကို တွေ့ရသည်။ **(၆၉၉)**

ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် စက်တင်ဘာ ၂၃

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်တွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ရာအိမ်စုအလိုက် စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ အလားတူ အခြားရပ်ကွက်များတွင်လည်း ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့သည်။ **(၅၉၃)**

အစိုးရကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	Currency	ပစ္စည်း/လုပ်ငန်း အမည်/တည်နေရာ
၁	15(T)7/MR(E)	EURO	Tamping Unit (1)Set for Automatic Levellily,Linig and Tamping Machine
၂	[illegible]/CME	Kyat	2 V,500 Ah Lead Acid Battery (34 Nos/Set)(50 Sets)
၃	[illegible]/CE	Kyat	[illegible]
၄	[illegible]/CE	Kyat	[illegible]
	[illegible]/CE	Kyat	[illegible]
	[illegible]/CE	Kyat	[illegible]
၅	[illegible]/CE	Kyat	[illegible]
၆	[illegible]/CE	Kyat	[illegible]
၇	[illegible]/CE	Kyat	[illegible]
၈	[illegible]/CE	Kyat	[illegible] Platform & Platform Shed [illegible]
	[illegible]/CE	Kyat	[illegible] Waiting Shed & Waiting Shed Platform [illegible]

တင်ဒါပိတ်မည့် နေ့/အချိန် - [illegible]

၂။ [illegible]

[illegible] ဖုန်း-294352,291985,291994

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံ/စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁၄-၉-၂၀၁၃ ရက်မှ ၁၅-၉-၂၀၁၃ ရက် သတင်းစာတို့တွင် တင်ဒါပိတ်သိမ်းမည့်ရက်များ ပြင်ဆင်သတ်မှတ်ခဲ့သော အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ထပ်မံပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(၁)	အမှတ်(၅)အထည်စက်ရုံခွဲ(မြင်းခြံ)	၃၀-၉-၂၀၁၃	၁၄-၁၀-၂၀၁၃
(၂)	အမှတ်(၉)အထည်စက်ရုံ(ကျောက်ဆည်)	၃၀-၉-၂၀၁၃	၁၄-၁၀-၂၀၁၃
(၃)	အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)	၃၀-၉-၂၀၁၃	၁၄-၁၀-၂၀၁၃

ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

ဖုန်း - ၀၆၇-၄၀၈၁၅၆/၄၀၈၃၃၈/၄၀၈၁၈၅။

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁၂-၉-၂၀၁၃ ရက်နှင့် ၁၄-၉-၂၀၁၃ ရက် သတင်းစာတို့တွင် တင်ဒါပိတ်သိမ်းမည့်ရက်များ ပြင်ဆင်သတ်မှတ်ခဲ့သော အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ထပ်မံပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံခွဲ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(၁)	အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)	၂၃-၉-၂၀၁၃	၇-၁၀-၂၀၁၃
(၂)	အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)	၂၃-၉-၂၀၁၃	၇-၁၀-၂၀၁၃
(၃)	အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)	၂၃-၉-၂၀၁၃	၇-၁၀-၂၀၁၃

ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့် စက်ရုံ/စက်ရုံခွဲများ၏ တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁၄-၉-၂၀၁၃ ရက်မှ ၁၅-၉-၂၀၁၃ ရက် သတင်းစာတို့တွင် တင်ဒါပိတ်သိမ်းမည့်ရက်များ ပြင်ဆင်သတ်မှတ်ခဲ့သော အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံခွဲများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ထပ်မံပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံ	ယခင်တင်ဒါပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့်တင်ဒါပိတ်ရက်
(၁)	အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း)	၂၇-၉-၂၀၁၃	၁၁-၁၀-၂၀၁၃
(၂)	အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း)	၂၇-၉-၂၀၁၃	၁၁-၁၀-၂၀၁၃
(၃)	အမှတ်(၁၁)အထည်စက်ရုံ(ပခုက္ကူ)	၂၇-၉-၂၀၁၃	၁၁-၁၀-၂၀၁၃

ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

ဖုန်း - ၀၆၇-၄၀၈၁၅၆/၄၀၈၃၃၈/၄၀၈၁၈၅။

ဦးရဲမင်းပိုင်(သချႋၤ)ရှုယကြွက်
၁၀တန်းဘာသာစုံ ၄၀၀၀၀/၂၅၀၀၀

ယတြာမင်း
Ph : 09-73241357,
09,49312180 09-73078260

တာမွေမြို့နယ်အတွင်း အန္တရာယ်ရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၃

တာမွေမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ပန်းဥယျာဉ်ဌာန တာဝန်ရှိသူတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၄ ရက်က ကျောက်မြောင်းကြီး ရပ်ကွက်၊ ကျောက်မြောင်းအထက် ရပ်ကွက်၊ ကျောက်မြောင်းအရှေ့ ရပ်ကွက်များအတွင်းရှိ အပင်အိုအပင်ခြောက်များ၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော အပင်များအား အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြသည်။**(အောက်ပုံ)**

ထိုသို့ခုတ်ထွင်ရှင်းလင်းပေးသည့်အတွက် ရပ်ကွက်နေပြည်သူများ၊ လမ်းသွားလမ်းလာများ၊ ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ စိတ်ချလက်ချသွားလာနိုင်ကြသဖြင့် ဝမ်းသာလျက်ရှိကြောင်းနှင့် တာမွေမြို့နယ်၌ ရပ်ကွက်ကြီး ၂၀ ရှိရာ အခြားရပ်ကွက်များကို လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၉၃)

မီးပွိုင့်အနီးဂိတ်ထိုးရပ်နားသော ကားဂိတ်များကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရ

တောင်ငူ စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ယာဉ်ကြောရှုပ်ထွေးမှုအများဆုံး၊ လူနှင့်ယာဉ်များဖြတ်သန်းသွားလာမှု အများဆုံး မီးပွိုင့်တစ်ခုဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းနှင့် ကန်လမ်းဆုံရှိ ဆေးရုံထောင့်မီးပွိုင့်သည် အမြန်ယာဉ်နှင့် ခရီးသည်တင်ယာဉ်ကြီးများ ဂိတ်ထိုးပြီး အတင်အချပြုလုပ်နေခြင်းကြောင့် ယာဉ်အန္တရာယ် စိုးရိမ်နေရကြောင်း ယင်းမီးပွိုင့်အနီးတွင် နေထိုင်သူများ၏ ပြောပြချက်အရ သိရသည်။

ထို့ပြင် အဆိုပါမီးပွိုင့်လမ်းဆုံရှိ လမ်းလေးခွတွင် ဆိုက်ကားဂိတ်များ၊ ဆိုင်ကယ်ကယ်ရီဂိတ်များနှင့် လမ်းဘေးနှင့် လမ်းပလက်ဖောင်းပေါ်တွင် ဈေးရောင်းချနေသူများကြောင့် လမ်းနှင့် ယာဉ်ကြောမှာ ပိတ်ဆို့မှုဖြစ်ပေါ်နေပြီး လမ်းသွားလမ်းလာနှင့် ယာဉ်သွားလာမှုအတွက် အနှောင့်အယှက်ဖြစ်စေကြောင်း ဒေသခံများက ဆက်လက်ပြောပြသည်။

တောင်ငူမြို့သည် ခရိုင်မြို့ကြီးဖြစ်သည်နှင့်အညီ မော်တော်ယာဉ်နှင့် ယာဉ်စီးရေမှာ တစ်နေ့တခြားများပြားလာသောကြောင့် ယာဉ်ကြောရှုပ်ထွေးမှု၊ လမ်းပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိရာ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ လမ်းဆုံလမ်းခွများဖြစ်သည့် 7-top လမ်းဆုံ၊ ဆေးရုံကြီးထောင့်၊ ဘုရင့်နောင်ဈေးလမ်းဆုံတို့တွင် တောင်ငူမြို့သူ မြို့သားများ၏ လှူဒါန်းငွေများဖြင့် မီးပွိုင့်သုံးခုကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလက မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ထုတ်လုပ်သည့်ဆိုလာစနစ်ဘက်စုံသုံး မီးပွိုင့်များကို မှာယူတည်ဆောက်တပ်ဆင်ခဲ့ကြောင်း သိရသည်။

"အဲဒီမီးပွိုင့်ကို ဖြတ်ဖို့ ကြောက်နေတာ၊ မနက်ခင်းနဲ့ ညနေခင်းဆို ပိုဆိုးတယ်။ ကားတွေက မီးပွိုင့်မျဉ်းဝါကြားပေါ်မှာကို ရပ်ပြီးတော့ ခရီးသည်စောင့်နေကြတာ။ ကန်လမ်းဘက် (မျက်စိဆေးရုံဘက်အခြမ်း)ဆို ပိုဆိုးတယ်။ မီးပွိုင့်ကမီးပွိုင့်အင်္ဂါရပ်နဲ့ မညီတော့ဘူး။ သက်ဆိုင်ရာက အမြန်ဆုံးကွင်းဆင်း ရှင်းလင်းသင့်ပါတယ်"ဟု တောင်ငူမြို့ခံ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ကျော်စွာ (တောင်ငူ)

လက်ဦးဆရာမိဘ

ယနေ့ မြန်မာအမျိုးသမီးအများစု၏ဝတ်စားဆင်ယင်မှုသည် ခေတ်ရေစီးကြောင်းကိုအကြောင်းပြုပြီး တစ်နေ့တခြားဆိုးရွားစွာဝတ်ဆင်လာနေကြသည်။ အလွန်တိုသည့် ပေါင်အရင်းလောက်ဘောင်းဘီတို၊ စကပ်တိုလေးများ ဝတ်နေကြခြင်းမှာ မြန်မာတို့၏အမျိုးသားယဉ်ကျေးမှုပျောက်ကွယ်သွားနိုင်သဖြင့် စိုးရိမ်ရသလို ယိုသူမရှက်၊ မြင်သူရှက်နေကြရသည့် အဖြစ်နှင့်ကြုံနေကြရသည်။ အမျိုးသမီးတိုင်းဟီရိဩတ္တပ္ပကင်းမဲ့သော ဝတ်စားဆင်ယင်မှုမျိုး၊ မိမိ၏ဣန္ဒြေသိက္ခာထိခိုက်စေသောဝတ်စားဆင်ယင်မှုမျိုးကိုသတိထား၍ ရှောင်ရှားသင့်ပေသည်။ မည်သည့်လူမျိုးမဆို လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုဝတ်စားဆင်ယင်မှုတို့ကို ဂရုတစိုက်အလေးထား၍ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြသလို အမျိုးသားယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်မှ မိမိလူမျိုးကို စောင့်ရှောက်နိုင်ကြပေမည်။ လူငယ်အမျိုးသမီးများသည် ယဉ်ကျေးမှု၏တန်ဖိုးကိုနားလည်ဖို့လိုအပ်ပေမည်။ မြန်မာတို့၏ယဉ်ကျေးမှုဆိုသည်မှာ တောင်ရှည်ပုဆိုး၊ တိုက်ပုံအင်္ကျီဝတ်မှ၊ ထိုင်မသိမ်းရင်ဖုံးအင်္ကျီဝတ်မှ ယဉ်ကျေးမှုထိန်းသိမ်းခြင်းမဟုတ်ပါ။ ဟီရိဩတ္တပ္ပ၊ ဣန္ဒြေသိက္ခာရှိမှု၊သိမှုသည်သာ ယဉ်ကျေးမှုဖြစ်ပေသည်။ အနောက်နိုင်ငံများနှင့် ကူးလူးပေါင်းသင်းဆက်ဆံရာတွင် အနောက်နိုင်ငံများ၏ယဉ်ကျေးမှုများဖုံးလွှမ်းမသွားရအောင် လူငယ်တိုင်း၊ မိဘတိုင်းတွင်တာဝန်ရှိသလို ပေါင်အရင်းရောက်လုနီးပါး ဘောင်းဘီတို၊ စကပ်တိုဝတ်နေကြသည်ကို မတားမြစ်ဘဲ အားပေးသောမိဘများမှာ မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မထိန်းသိမ်းကြသူများဖြစ်နေပြီး သားသမီးတို့၏ယဉ်ကျေးမှုဖောက်ပြန်သော ဝတ်စားဆင်ယင်မှုတို့အား မိဘများအနေဖြင့် သွန်သင်ဆုံးမရန် အထူးတာဝန်ရှိလာနေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါတော့သည်။

(၅၈၇)

စီးပွားရေးကြော်ငြာ

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College
Wisdom Power Co.,Ltd.
Diploma in IT
၁။ သင်တန်းအမည် - - - Diploma in Information Technology
၂။ သင်တန်းအမှတ်စဉ် - - - (၁၉)
၃။ သင်တန်းကာလ - - - (၉)လ

101 ဆံပင်ပေါက်အောင်ဆေး Beauty Saloon များတွင် ဝယ်ယူ၍ (ဝန်ဆောင်မှု) ရယူနိုင်ပါပြီ။

LaMin	09-425285372
	01-502180
Zeta	09-73124502
	09-73001123
Sweet Lady	01-563341
	09-73073168
	01-541479
Double Girls	09-49318501
Grand	01-293590

01-518088, 01-518311

ရောင်းမည် / ငှားမည်
ပိုင်ရှင်ကိုယ်တိုင်
လက်ရှိအသုံးပြုလျက်ရှိသော (12,16,20,25, 35,50,60,70 တန်) Mobile/Crawler Crane, Excavator, Dozer, Motor Grader, Wheel Loader စက်ယန္တရားများအား ရောင်းရန်/ငှားရန်ရှိပါသည်။
Ph: 01-450688, 01 450655
09-5500402

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လက်ရှိ လုပ်ငန်းခွင်တွင် အသုံးပြုလျက်ရှိသော ကရိန်းများ ရောင်းရန်ရှိပါသည်။

-SANY (25)Ton
-KOLBELCO (20) Ton
-KOLBELCO (16) Ton

(ညို့နှိုင်းဈေး)

ဆက်သွယ်ရန်ဖုန်း-၀၁-၃၉၈၃၀၄၊ ၀၉-၅၁၉၃၆၄၉၊ ၀၉-၄၀၀၀၂၃၅၈၀

A POT-POURRI OF MYANMAR CULTURE

စိန်ငါးလုံး ဆီးချိုသွေးချိုကျဆေး
ဆီးမကြာခဏသွားခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ သွေးကြောအဆီပိတ်ခြင်းနှင့် လုံကျဉ်ကိုက်ခဲခြင်း တို့အတွက် စိန်ငါးလုံး အမှတ်တံဆိပ် ဆီးချိုသွေးချိုကျဆေးကို သောက်ပါ။

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ခိုင်မျိုးအောင် (ON-3075)(GT-53.89)အမည်ရှိ ငါးဖမ်းရေယာဉ်အား မူလပိုင်ရှင်ဦးသန်းငွေထံမှ ဝယ်ယူပြီးဖြစ်ပါကြောင်း အထောက်အထားများတင်ပြ၍ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၈၃)နေ ဦးသိန်းကျော် [၁၂/လမတ(နိုင်)၀၀၅၈၁၄]သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိပါက ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

LCCI & MYOB
B.Com (Q), CPA, Dip IFR
(2014 April Exam)
(A) Wed to Sat 1 - 3:30 pm
(B) Thur - Fri 6 - 8 pm
MYOB
(A) Thur - Fri 6 - 8 pm
(B) Sun 9 - 12 am
Ph-09:73059553, 09:5178297

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သီရိရတနာမြို့မဈေးရှိ ရုံအမှတ်(ဃ-၄)၊ ဆိုင်ခန်းအမှတ်(၁၄၊ ၁၅)အား လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ စာတိုက်လမ်းနေ ဒေါ်မြမြလွင် [၉/လဝန(နိုင်)၀၃၂၂၈၆] အမည်ပေါက် ပိုင်ဆိုင်ပြီး လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ အင်ဘု(၅)လမ်းနေ ဒေါ်ဇင်မင်းသူ [၉/လဝန (နိုင်)၁၃၇၅၂၇]သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သီရိရတနာမြို့မဈေးရှိ ရုံအမှတ်(ဃ-၅)၊ ဆိုင်ခန်းအမှတ်(၁၅) အား လယ်ဝေးမြို့၊ အမှတ် (၆) ရပ်ကွက်နေ ဦးထွန်းမြင့် [၉/ပမန(နိုင်)၀၂၀၂၇၅] အမည်ပေါက် ပိုင်ဆိုင်ပြီး လယ်ဝေးမြို့၊ အမှတ်(၅) ရပ်ကွက်၊ အိမ်အမှတ်(၅/၄၇)နေ ဒေါ်သန္တာစိုး [၉/လဝန(နိုင်) ၀၀၂၀၉၉]သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၈၀) ရာခိုင်နှုန်းပြီးစီးနေသော ကျိုက်ထိုမြို့ သံသရာအေးမဟာဗောဓိစေတီတော်ကြီးအား စက်တင်ဘာ ၉ ရက်က ဖူးတွေ့ရစဉ်။ (ကြေးမုံ)

မြန်အောင်တွင် ရေကောင်းစခန်းများချထားခြင်းနှင့် ရောဂါတာများ ကြံခိုင်ရေးဆောင်ရွက်

မြန်အောင် စက်တင်ဘာ ၂၃

မြန်အောင်မြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသောကြောင့် မိုးရာသီမြစ်ရေကြီးစဉ် ရေဘေးအန္တရာယ်မဖြစ်ပွားစေရန် မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တာတမံများမပျက်စီးစေရန်ထူးပေါက်ခြင်း၊ သဲပွက်ထခြင်း၊ တာအိခြင်း၊ ရေကျော်ခြင်း၊ တာကျုံခြင်းများ မဖြစ်ပွားစေရန်အတွက် မြို့နယ်အတွင်း တာတမံဘေးရှိကျေးရွာအုပ်စုမှပြည်သူများနှင့်ပူးပေါင်း၍နေ့ညမပြတ်ရေကင်းများချထားခြင်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရေကင်းစခန်းများတွင် အပြည့်အစုံထားရှိခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က ကနောင်မြို့ကမ်းပြိုခြင်းများ၊ တာရေကျော်ခြင်းများမရှိစေရန် ကနောင်မြို့ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ နယ်မြေခံတပ်ရင်းမှ အရာရှိအရာခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ရေဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝင်းဗိုလ်- မြန်အောင်)

သတင်းစာများနှင့် ဂျာနယ်များတွင် ပြည်သူကိုဗဟိုပြုသောသတင်းများ အပြိုင်အဆိုင်ဖော်ပြ

ရန်ကုန် စက်တင်ဘာ ၂၃

မျက်မှောက်ကာလတွင် နေ့စဉ်ထုတ်ဝေနေသော သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်များတွင် ပြည်သူကို ဗဟိုပြုသောသတင်းများ အပြိုင်အဆိုင် ဖော်ပြနေမှုကြောင့် ပြည်ပသတင်းဌာနမှ ထုတ်လွှင့်သောသတင်းများအား နားထောင်သူနည်းပါးလာပြီး ပြည်တွင်းမှထုတ်ဝေသော သတင်းစာများနှင့်ဂျာနယ်များမှာ စျေးကွက်၌အရောင်းသွက်လျက်ရှိနေကြောင်းသိရသည်။

"အရင်တုန်းက ပွင့်လင်းမြင်သာမှုမရှိတော့ ပြည်ပအခြေစိုက်သတင်းဌာနက ထုတ်လွှင့်တဲ့ BBC, BOA, RFA တို့ကို အားပြုနားထောင်နေရတာ၊ အခုတော့ ပြည်သူကိုဗဟိုပြုတဲ့ သတင်းတွေကို အပြိုင်အဆိုင်ဖော်ပြနေကြတော့ ပြည်ပကထုတ်လွှင့်တဲ့ ကောလာဟလ သတင်းတွေကို နားမထောင်တော့ဘဲ သူတို့ကြိုက်တဲ့ သတင်းစာ၊ ဂျာနယ်တွေကို မိုးလင်းတာနဲ့လုဝယ်နေကြတယ်" ဟု ဂျာနယ်၊ သတင်းစာအရောင်းဆိုင်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ယခုအခါ နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ထုတ်ဂျာနယ်များက သတင်းထူးများကို လက်ဦးမှုရယူ၍ အလျင်အမြန်ဖော်ပြနေကြရာသတင်းမီဒီယာသမားများကလည်း သတင်းထူးရရှိရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းအားထုတ်နေကြသည်။ အချို့သော သတင်းမီဒီယာသမားများက ကွင်းဆင်း၍သတင်းအနံ့ခံသတင်းရယူကြသကဲ့သို့ အချို့သောသတင်းမီဒီယာသမားများက အွန်လိုင်းပေါ်မှ သတင်းအချက်အလက်များရှာဖွေပြီး သတင်းများ ရေးသားနေကြသည်။

အွန်လိုင်းပေါ်မှ ရယူသော သတင်းအချက်အလက်များမှာသတင်းအရင်းအမြစ်၊ အထောက်အထားများမခိုင်လုံသဖြင့် မကြာခဏပြန်လည်ဖြေရှင်းနေရသည်ကို သတင်းစာများနှင့်ဂျာနယ်များတွင် မြင်တွေ့နေရသည်။ ထို့ကြောင့် အွန်လိုင်းပေါ်မှ သတင်းများကို ရေးသားရာတွင် သတင်းအရင်းအမြစ်၊ အထောက်အထားများ ခိုင်လုံတိကျမှသာ ရေးသားသင့်ကြောင်း ဝါရင့် အယ်ဒီတာတစ်ဦးက အကြံပြုပြောဆိုသည်။

(မောင်သုည)

အရက်နာမကျအောင် ဆောင်ရန် / ရှောင်ရန် နည်းလမ်းများ ယမကာလုလင်များအတွက် သတင်းကောင်းလေးပါ

ပေါက်ပေါက်

ကဖိန်းဓာတ်ရှောင်ပါ။ ကဖိန်းဓာတ်ပါသောအရည်များက ရေဓာတ်ခန်းခြောက်စေလို့ အရက်သောက်နေစဉ် ကဖိန်းဓာတ်ကြွယ်ဝသော ကော်ဖီနှင့် အချိုရည်များကိုရှောင်ပါ။ ဗီတာမင်အားဆေးဆောင်ပါ။ ဗီတာမင်ဆေးဝါးများက အရက်နာကျခြင်းကင်းဝေးစေလို့ အရက်မသောက်ခင် တစ်ရက်ကြိုတင်၍ဗီတာမင်အားဆေးတစ်ပြားမှီဝဲပါ (သို့ မဟုတ်) အရက်သောက်ပြီး နံနက်အိပ်ရာနိုးတဲ့အခါ ဗီတာမင်အားဆေးတစ်ပြားသောက်ပါ။ အက်စ်ပရင်ဆေးပြားဆောင်ပါ။ အရက်သောက်ပြီးနောက် အိပ်ရာမဝင်ခင် အက်စ်ပရင်ဆေးပြားနှစ်ပြားကို သောက်ရေတစ်ဖန်ခွက်ဖြင့် သောက်ပါ။ နောက်တစ်နေ့နံနက် အရက်နာကျခြင်းကင်းဝေးပြီး ခေါင်းကိုက်ခြင်းမဖြစ်စေတော့ပါဘူး။ ဗီတာမင်ဘီ ဆောင်ပါ။ ဗီတာမင်ဘီကလည်း အရက်နာကျခြင်းကို ပျောက်ကင်းစေလို့ မှီဝဲသင့်တဲ့ဆေးပြားလေးပါပဲ။ သခွားသီး ဆားရည်စိမ်စားပါ။ အရက်သောက်စဉ် ခန္ဓာကိုယ်ထဲ ဆားနှင့်အရည်ဓာတ်လုံလောက်နေမှသာ အရက်နာမကျစေနိုင်ပါ။ ထို့ကြောင့် အရက်မသောက်ခင် သခွားသီးဆားရည်စိမ်စားပေးပါ။ အာလူးကြော်စားပါ။ အာလူးကြော်ရဲ့ ကစီဓာတ်အဆီအနှစ်များက အစာအိမ်ထဲရှိ အယ်လ်ကိုဟောကို စုပ်ယူပစ်နိုင်စွမ်းရှိလို့ အရက်နာကျခြင်းမဖြစ်စေတော့ပါ။ အရက်စုံရောနှောသောက်ခြင်းရှောင်ပါ။ ဥပမာ ဝိုင်သောက်နေသူက ဝိုင်တစ်မျိုးတည်းကိုသာသောက်ပါ။ အကယ်၍ အရက်စုံရောနှောသောက်ခြင်းက အာနိသင်ပမာဏအတိုင်းအဆမသိနိုင်တော့ဘဲ အရက်နာကျခြင်းကို ဦးတည်လာစေပါတယ်။ လိမ္မော်သီး (သို့) လိမ္မော်ရည်သောက်ပါ။ အထူးသဖြင့် ဖရုဖတို့စ်ဓာတ်ပါရှိသောလိမ္မော်သီးက ခန္ဓာကိုယ်ထဲရှိအဆိပ်အတောက်ကိုပြေစေပြီး ခွန်အားပြည့်ဝလာစေပါတယ်။ သံလွင်ဆီစားပါ။ သံလွင်ဆီ လက်ဖက်ရည်ဇွန်း တစ်ဇွန်းသောက်ခြင်း (သို့မဟုတ်) သံလွင်ဆီပါသော ဟင်းရွက်သုပ်စားခြင်းက အရက်နာကျလုံးဝမခံစားရစေပါဘူး။ နွားနို့ သောက်ပါ။ နွားနို့က အစာအိမ်ကိုကောင်းကျိုးပြုပါတယ်။ ညအလွန်အကျွံသောက်ပြီးနောက် နံနက်အိပ်ရာထ နွားနို့တစ်ခွက်သောက်ပေးခြင်းဖြင့် အရက်နာကျသက်သာစေသလို ဗိုက်လည်းမအောင့်စေတော့ပါ။ ရေသောက်ပါ။ အရက်သောက်နေစဉ် ရေတစ်ဖန်ခွက်သောက်ဖို့ မမေ့ပါနဲ့။ ထို့ပြင် အရက်သောက်ပြီးနောက် ညအိပ်ရာဝင်ခါနီး သောက်ရေနှစ်ခွက်ထပ်သောက်ပေးပါ။ ငှက်ပျောသီး စားပါ။ ငှက်ပျောသီးထဲမှာပါတဲ့ ပိုတက်စီယမ်က အရက်နာကျခြင်းကို ဓာတ်ပြယ်စေလို့ နံနက်အိပ်ရာထမှာ ငှက်ပျောသီးတစ်လုံးစားပေးပါ။ ကြက်ဥစားပါ။ ကြက်ဥထဲရှိ သဘာဝ cysteine ဓာတ်က အရက်နာကျခြင်းကိုဖြစ်စေတဲ့ acetaldehyde(ခေါ်) အရောင်မဲ့အငွေ့ပျံသော အဆိပ်ရည်ကို ဖြိုခွဲပေးနိုင်လို့ နံနက်အိပ်ရာထ ကြက်ဥစားပေးပါ။ ပျားရည်စစ်စစ်သောက်ပါ။ အရက်သောက်ပြီးနောက် ပျားရည်ကို ရေနွေးလေးဖြင့်ဖျော်သောက်ခြင်းက အရက်နာကျခြင်းကို ယူပစ်သလိုပျောက်ကင်းစေပြီး နံနက်အိပ်ရာထ လန်းဆန်းလာပါလိမ့်မယ်။ ။

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ စီမံကိန်း(၂)ခုအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ကျောက်ဆည်ဒေသတွင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးရန် Gas Engine Generator များ ငှားရမ်းခြင်း

(ခ) မြင်းခြံဒေသတွင် Combined Cycle Power Plant(CCPP) တည်ဆောက်ပြီး Independent Power Producer (IPP)စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပေးခြင်း

၂။ ဖော်ပြပါစီမံကိန်း (၂)ခုအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို "ရွှေ"ကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြုပါမည်။

၃။ Gas Engine Generator များ ငှားရမ်းခြင်းအတွက် အဆိုပြုလွှာနှင့် စျေးနှုန်းများအား ၁၈-၁၀-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ Combined Cycle Power Plant(CCPP) တည်ဆောက်ပြီး Independent Power Producer(IPP) စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် အဆိုပြုလွှာအား ၃၀-၁၁-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၅။ စီမံကိန်းများနှင့်သက်ဆိုင်သည့် စံချိန်စံညွှန်းများကိုလည်းကောင်း၊ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကိုလည်းကောင်း ယခုကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း-

(က) Gas Engine Generator များ ငှားရမ်းခြင်းအတွက် ၃၀-၉-၂၀၁၃ ရက်ထိလည်းကောင်း၊

(ခ) Combined Cycle Power Plant တည်ဆောက်ခြင်းအတွက် ၁၅-၁၀-၂၀၁၃ ရက်ထိလည်းကောင်း၊

အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးရုံး
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်-၂၇၊ နေပြည်တော်၊ ဖုန်း +၉၅၆၇၄၁၀၂၀၂၊ ဖက်စ် +၉၅၆၇၄၁၀၀၇၄

၆။ တင်ဒါစည်းကမ်းနှင့် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များကို ယခုကြော်ငြာသည့်နေ့ရက်၏ နောက်တစ်နေ့မှစတင်၍ ပစ္စည်းစီမံရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အိတ်ဖွင့်လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော တာယာဟောင်း၊ ဘတ်ထရီဟောင်း၊ ပေပါခွံဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာ ပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

INVITATION FOR TENDER
TENDER NO.BRIDGE/BAILEY/ 2013-2014/NPT/ST 003

1. Opened Tender is invited by Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar for Purchasing of Compact Bailey Bridge Components.
2. Tender application form (including Technical Specification, terms of Tender, Tender Schedule and offer form) can be purchased with USD 100.
3. The payment for tender application must be paid to Public works' Account No.OA-010311, Myanmar Economic Bank (2),Yangon, through Myanmar Foreign Trade Bank.
4. The Tender document can be obtained from Bridge Division, Building No. (11), Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar only with the Cash Receipt delivered by Account Division, Public Works, from the date of (25-9-2013) to (3-10-2013).
5. Tender should be submitted to the above address not later than 16:30 hours on (4-11-2013).
6. For further detailed information, please contact to Telephone No.067-407082, 407514

Managing Director
Public Works

ဦးသန်းအောင်
LCCI I & II, III သင်တန်းကြေး for April Series
Format
HP : 09-508 6487, 09-4200 20993,09-4200 14106

ကစေလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ဥပဒေဘွဲ့(LL.B.) နှင့်သာဆက်သွယ်ပါ

☎01-394727, 01-399426, 09-73009994, 095182521

ရောင်းမည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်-၉၂၇(ပါမစ်)၊ သန်လျင် ကျောက်တန်း၊ စံချိန်မီအဆင့်(၁)မြေကွက်အမှတ်-၆၆၈(ပါမစ်) **စိန်ငွေး ဖုန်း-၀၉-၄၃၁၁၁၅၀၇**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် (ညောင်နှစ်ပင်)အထူးဇုန်(၂)ရှိ စိုက်ပျိုးခြံအမှတ်(၄၆၇-အေ)၊စီ(၁၀)လမ်းနှင့် အမှတ်(၅၀၂/ဘီ)၊ စီ(၉)လမ်း၊ (၁၀)ဧက၏ မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်သန်း[၁၂/လမန(နိုင်)၁၂၁၂၃၁]ထံမှ မြေကွက်အား တရားဝင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ချင်ရှိုး [၁၃/သနန(နိုင်)၀၁၄၀၇၆]ထံမှ ကျွန်တော် ဦးကျော်ဆန်းဦး[၇/ပခန(ဧည့်)၀၀၀၂၆၈] နှင့်ကျွန်တော် ဦးညိုထွေး[၁/ဗမန(ပြု)၀၀၀၀၈၀]တို့နှစ်ဦးက အပြီးအပိုင်ဝယ်ယူ၍ ဆက်စပ်စာချုပ်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်လျက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာတွင် အမည်ပြောင်းလဲ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးဇုန် ကြီးကြပ်ရေးဗဟိုကော်မတီသို့ လျှောက်ထားမည်ဖြစ်သဖြင့် ယနေ့ကြေညာသည့်နေ့မှ(၇)ရက်အတွင်း ကန့်ကွက်သူများရှိပါက မူရင်းစာရွက်စာတမ်း အထောက်အထားနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ဦးကျော်ဆန်းဦး[၇/ပခန(ဧည့်)၀၀၀၂၆၈]
အမှတ်(၂၅၅)၊ အခန်း(၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(၂) ဦးညိုထွေး[၁/ဗမန(ပြု)၀၀၀၀၈၀]
အမှတ်(၅၀၈/၅၁၂)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်
National Development Co.,Group Ltd.(Public Company)
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်ကြေညာခြင်း

၁။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု၏ တစ်ဆယ့်ငါးကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်ပါရန် ကြေညာအပ်ပါသည်။

- ကျင်းပပြုလုပ်မည့်နေ့ - ၂၈.၉.၂၀၁၃(စနေနေ့)
- ကျင်းပပြုလုပ်မည့်အချိန် - နံနက်(၉း၀၀)နာရီ
- ကျင်းပပြုလုပ်မည့်နေရာ - NDCG (ရုံးချုပ်)သုဓမ္မာလမ်းဆုံ၊

၂။ အစုရှယ်ယာရှင်များသို့ အစုဝင်အမြတ်ငွေများကို NDCG ရုံးချုပ်တွင် အောက်ပါအတိုင်းထုတ်ပေးသွားမည်ဖြစ်ပါ၍ မိမိတို့အစုရှယ်ယာအမှတ်နှင့် အလိုက် သတ်မှတ်ရက်နေ့တွင်လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရက်စွဲ	အစုရှယ်ယာအမှတ်	ရက်စွဲ	အစုရှယ်ယာအမှတ်
၃၀.၉.၂၀၁၃	၁မှ၃၀၀ထိ	၈.၁၀.၂၀၁၃	၁၈၀၁မှ၂၁၀၀ထိ
၁.၁၀.၂၀၁၃	၃၀၁မှ၆၀၀ထိ	၉.၁၀.၂၀၁၃	၂၁၀၁မှ၂၄၀၀ထိ
၂.၁၀.၂၀၁၃	၆၀၁မှ၉၀၀ထိ	၁၀.၁၀.၂၀၁၃	၂၄၀၁မှ၂၇၀၀ထိ
၃.၁၀.၂၀၁၃	၉၀၁မှ၁၂၀၀ထိ	၁၁.၁၀.၂၀၁၃	၂၇၀၁မှ၃၀၀၀ထိ
၄.၁၀.၂၀၁၃	၁၂၀၁မှ၁၅၀၀ထိ	၁၄.၁၀.၂၀၁၃	၃၀၀၁နှင့်အထက်
၇.၁၀.၂၀၁၃	၁၅၀၁မှ၁၈၀၀ထိ	၁၅.၁၀.၂၀၁၃	ဒါရိုက်တာများ

ဒါရိုက်တာအဖွဲ့
ဖုန်း-၅၆၀၄၅၀၊ ၅၆၀၄၈၆၊

သောင်းဝေဦး
အမှတ်တရမြို့တော်စည်ပင် အတွဲ(၂)
မြရတနာစာပေ ဖုန်း-

Basic Spoken English
အခြေခံအင်္ဂလိပ်စကားပြော

ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေဖြစ်နေသလဲ
သိလိုသလား ....
ဆပ်ပြာတုံးသိုးဆိုရီးနှင့်ဒီမိုကရေစီ
မောင်မိုးယံ၊ မောင်မောင်မိုး

EMERALD MYANMAR Travels & Tours

ရောင်းမည်။
လိုင်စင်သာယာ၊ စက်မှုဇုန် (1)၊ 2 ဧက၊
ဂိုဒေါင်(2) (72' x 140' + 40' x 120')
၊ 215 KVAပါ။
09 861 8181
09 5012570, 09 5011660

ရောင်းရန်ရှိသည်။
သာကေတ(ဂု)ဈေးအနီး၊ စာရင်းစစ်ရုံးနှင့် ကပ်လျက်၊ အကျယ် - 99'x အနံ -60'၊ ဂရန်။ ရေ၊ မီးပါ။
အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။ လုပ်ကိုင်လိုသူများသည် မိမိတို့၏ ကုမ္ပဏီ(Profile)၊ လုပ်ကိုင်မည့်ပုံစံ ဒီဇိုင်း၊ Quotation တို့နှင့်အတူ စာတိုက်သေတ္တာ အမှတ်(၁၂၅၅)သို့ ပေးပို့ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်
၀၉ ၅၁၄၃၁၄၃၁၊ ၀၉ ၄၃၁၇၇၀၀၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄အက်ဖ်၊ မြေကွက်အမှတ် ပဉ္စမတန်းစား-၃၊ မြေကွက်တည်နေရာအမှတ်- ၃၁၉၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (မောင်ကျိုး)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်ဖခင်ဦးမောင်ကျိုးနှင့် မိခင်ဒေါ်အုန်းရင် ကွယ်လွန်သဖြင့် (၁) ဦးအောင်မြင့်[၁၂/မဂတ(နိုင်)၀၄၀၇၃၄]၊ (၂) ဦးခင်မောင်တင့်[၁၂/မဂတ(နိုင်)၀၄၄၅၄၆]၊ (၃) ဒေါ်နုရင်[၁၂/မဂတ(နိုင်)၀၄၄၈၆၄]၊ (၄) ဒေါ်သန်းမြင့်[၁၂/မဂတ(နိုင်)၀၄၄၀၉၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော အိမ်ရာရှိတိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါက်တာနွေးနွေးကြိုင် [၁၂/စခန(နိုင်)၀၅၂၅၃၀](မှ) ဦးအောင်ကျော်ဦး [၁၂/ပဘတ(နိုင်)၀၀၅၉၉၆](မှ)	ဒေါ်မီမီခိုင် [၆/ပလန(နိုင်)၀၀၀၂၈၃]	အမှတ်(၁၂၀/၁၂၄)အခန်း အမှတ်(၃/အေ)၊ ၁၅လမ်း၊ လမ်းမတော်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

GOthere Myanmar
မိုဘိုင်းဖုန်းသုံး မိသားစုနေရာပြစနစ် နည်းစပ်ရာ ဖုန်းဆိုင်များတွင်ရရှိနိုင်ပါသည်။
ဘယ်နေရာရောက်ရောက်
သင့်မိသားစုတွေ မျက်စိအောက်က ပျောက်မသွားစေဖို့
GOthere Family Locator သုံးကြစို့



ဝက်ဆိုက်မှကြည့်ရှုလိုပါက
www.go-there-myanmar.com
Tel: 09-421068909, 09-73903134
Email : info@giga-gates.com

IKBZ
Insurance Co.,Ltd.

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

အထက်မြန်မာပြည်ရုံးချုပ်

ကို ၂၄.၉.၂၀၁၃ (အင်္ဂါနေ့)တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ

ယုံကြည်အားထား IKBZ အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ

IKBZ Insurance - အထက်မြန်မာပြည်ရုံးချုပ် (မန္တလေးတိုင်းဒေသကြီး)
အမှတ် - ၄၆၂၊ လမ်း(၈၀)၊ (၂၈ × ၂၉)လမ်းကြား၊ ချမ်းအေးသာစံရပ်၊ မန္တလေးမြို့
ဖုန်း (၀၂) ၃၀၇၅၂၊ (၀၉) ၂၀၁၈၅၃၂
ဖက်စ် (၀၂) ၃၀၇၄၀
www.i-kbz.com

ရွှေဘုန်းပွင့်စေတီတော်

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ်
သီတင်းကျွတ်မီးထွန်းပွဲနှင့် (၃၆)ကြိမ်မြောက်ပဝါရဏာပွဲ

ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် သီတင်းကျွတ်မီးထွန်းပွဲနှင့် (၃၆) ကြိမ်မြောက်ပဝါရဏာပွဲကို ၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပရန် စီစဉ်ထားပါသည်။ (၃၆)ကြိမ်မြောက်ပဝါရဏာပွဲကို ရွှေဘုန်းပွင့်စေတီတော် သာသနဇောတိကဓမ္မာရုံကြီးတွင် သီတင်းကျွတ်လပြည့်နေ့ ၁၉-၁၀-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ ယင်းနေ့ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ကြီးကို ဆီမီးများထွန်းညှိပူဇော်ရန် စီစဉ်ထားပါသည်။ လှူဒါန်းလိုသူများ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဖုန်း -၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ရွှေဘုန်းပွင့်စေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ရွှေမြင့်မိုရ် ဆရာတော် မိုးကုတ် ဝိပဿနာ(၁၀)ရက် တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁)ကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ၂၅-၉-၂၀၁၃ မှ ၄-၁၀-၂၀၁၃ ရက်အထိ (တော်သလင်းလဆန်း(၆)ရက်မှ တော်သလင်းလကွယ်(၁၅)ရက်နေ့အထိ) (၁၀)ရက် ဝါတွင်း ဒုတိယပတ်စခန်းပွဲတို့ကို ရွှေမြင့်မိုရ်ဆရာတော်ဒီယနိကာကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတရေ အရှင်သူမြတ်မှ ပဋိစ္စသမုပ္ပါဒ် ဝိပဿနာ သစ္စာလေးပါးတရားတော်မြတ်တို့ကို ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို လှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ် မိုးကုတ် ဝိပဿနာဓမ္မရိပ်သာတွင် ဝါတွင်း(၁)လလျှင် (၁၀)ရက်စခန်းပွဲ (၂)ကြိမ် ဝါတွင်း (၃)လ တရားစခန်းပွဲ (၆)ကြိမ် ကျင်းပပြုလုပ်ပေးလျက် ရှိပါသည်။

ရွှေမြင့်မိုရ် အကျိုးဆောင်အဖွဲ့
ဖုန်း-၅၇၁၂၈၅၊ ၈၅၀၀၃၄၅၊ ၀၉-၅၀၅၀၀၁၀၊ ၀၉ ၇၃၀၁၇၄၇၉

ဝန်ထမ်းအမြန်အလိုရှိသည် (မြန်မာ့အဆင့်မီသတင်းဂျာနယ်)

The Traveller ဂျာနယ်မှ အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်။

Layout Designer - (၂)ဦး

- ဘွဲ့ရပြီးသူဖြစ်ပြီး အသက် (၃၅) နှစ်အောက်ဖြစ်ရမည်။
- Pagemaker (သို့မဟုတ်) Indesign ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- သတင်းဂျာနယ်၊ မဂ္ဂဇင်းများတွင် Layout Design လုပ်သက် အနည်းဆုံး (၁)နှစ်ရှိရမည်။
- အခြေခံလစာ (၂၀၀,၀၀၀ - ၃၅၀,၀၀၀) ပေးမည်။

[illegible]

အမှတ်(၁၃)၊ ဒုတိယထပ်(ယာ)၊ ရေကျော်လမ်း(ရေကျော်ဈေးရှေ့)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၇၂၅၈ ၀၉ ၄၂၅၃၂၈၆၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ ၃၁-လမ်း၊ အမှတ်(၁၄၅)တည်ရှိရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆D⁾)မြေကွက်အမှတ်(Southern ½ of III. 33) မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် ဦးခင်မောင် မြေအား ဦးခင်မောင်အမည်ပေါက်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်- ၈၄ ၏ ၆-၃-၂၀၀၂ရက်စွဲပါ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှစ်ဦးသဘောတူ အပြီးသတ်ဒီကရီ၊ ၇-၄-၂၀၀၄ ရက်နေ့ ဦးခင်မောင်၏သေဆုံးမှုလက်မှတ်၊ ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ်- ၄၆၇/၂၀၀၇ ဖြင့် အမွေပုံပစ္စည်းစီမံကိန်းခွဲပေးစေလိုမှု၏ ၁၃-၃-၂၀၀၈ ရက်စွဲပါ မဏ္ဍာမဒီကရီနှင့် ၁၅-၇-၂၀၁၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံးမှ ဒေါ်ရှားရှားနှင့် ဒေါ်ခင်သီတာထွေးတို့သည် အဆိုပါမြေအား တစ်ဝက်စီ(½)ရထိုက်ခွင့်ရှိကြောင်း အပြီးသတ်ဒီကရီနှင့် ကတိသစ္စာပြုလွှာကို တင်ပြလျက် ဒေါ်ရှားရှား[၁၂/ပဇတ(နိုင်)၀၂၈၆၁၈]နှင့် ဒေါ်ခင်သီတာထွေး[၁၂/ပဇတ(နိုင်)၀၂၈၆၁၉]တို့မှ အမည်ပြောင်းလျှောက်ထားလာပါသဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(ရန်ကုန်မြို့)
အသင်း(၁၂)နှစ်ပြည့်အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ

ပြိုင်ပွဲခေါင်းစဉ်အမည် ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူမှုဖွံ့ဖြိုးမှုလုပ်ငန်းများ

ဆောင်းပါးစာမူများအတွက် ပြိုင်ပွဲဝင်စည်းကမ်းအချက်အလက်များ

၁။ တင်သွင်းသောစာမူသည် စက်တင်ပုံနှိပ်ဖော်ပြဖူးခြင်းမရှိစေရ၊ ယင်းစာမူသည် ကိုယ်တိုင်ရေး အမှတ်တကယ်ဖြစ်ရမည်။ **မှတ်ချက်။** မည့်သည့်ပြိုင်ပွဲ၌ ဝင်ပြိုင်ဖူးထားသော စာမူမဖြစ်ရပါ။
၂။ စာမူများကို စကားပြေဖြင့် ရေးသားပေးပို့ရမည်။
၃။ ပြိုင်ပွဲဝင်စာမူများသည် ကွန်ပျူတာစာစီA4(၆)မျက်နှာမှ (၈)မျက်နှာအတွင်း ဖြစ်ရမည်။
၄။ စာမူများကို ကွန်ပျူတာစာစီ၍ ခိုင်ခံ့သေသပ်စွာချုပ်ပြီး မိတ္တူနှစ်စောင်တင်သွင်းရမည်။
၅။ ဆုရစာမူများသည် အသင်းပိုင်ဖြစ်ရမည်။ အသင်းမှ ထုတ်ဝေခွင့်ရှိရမည်။
၆။ ဆုမရရှိသော စာမူများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။ (မိတ္တူကူးထားပါ)
၇။ ပြိုင်ပွဲဝင်လိုသူများသည် မိမိ၏ကိုယ်ရေးအတ္တုပ္ပတ္တိအကျဉ်းနှင့် ပတ်စ်ပို့ဓာတ်ပုံ (၂)ပုံကို ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရေးကြောင်း ခံဝန်ချက်ပါရှိရမည်။
၈။ ပြိုင်ပွဲဝင်ပြိုင်လိုသူများသည် စာမူကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ရက်နေ့ ညနေ(၆) နာရီနောက်ဆုံးထား၍ ပေးပို့ပါရန် မေတ္တာရပ်ခံပါသည်။
၉။ ဆုရစာမူများကို ထိုက်တန်စွာ ဆုချီးမြှင့်၍အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပါသည်။ ဆုရပုဂ္ဂိုလ်များအား သတင်းစာမှ ကြေညာပေးသွားမည်ဖြစ်ပါသည်။
၁၀။ စာမူများပေးပို့ရန်လိပ်စာ
(က) မြို့နယ်ဓမ္မာရုံ၊ မင်းနန္ဒာလမ်းမကြီး၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်။
(မှတ်ချက်-စနေ၊တနင်္ဂနွေ၊ ညနေ(၃)နာရီမှည(၆)နာရီအထိ
(ခ) **စာတိုက်မှပေးပို့ရန်လိပ်စာ**-ဦးဝင်းဇော်၊ အမှတ်(၁၈၂)အောင်သီရိလမ်း မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်**-ဦးအေးမောင်(နာယက)၀၉-၄၂၀၀၆၆၃၂၊ ဦးစိန်သန်း(နာယက)၀၉-၄၉၃၂၂၅၁၅၊ ဦးမြတ်ထွေး(နာယက)၀၉-၂၅၀ ၁၄၀၅၇၇၊ ဦးဝင်းဇော်(ဥက္ကဋ္ဌ)၀၉-၇၃၀၀၃၀၅၀၊ ဦးဆန်းလွင်(ဒု-ဥက္ကဋ္ဌ) ၀၉-၄၂၀၀၀၉၃၁၀၊ ဦးကျော်ကျော်စိုး(အထွေထွေအတွင်းရေးမှူး) ၀၉-၃၁၀၄၉၁၇၁

EPS - TOPIK

- ကိုရီးယားမရောက်ခင် လစာကောင်းကောင်းရရန်
- ကိုရီးယားစကားကို အပ်လေ့လာကြစို့
- ကိုရီးယားနိုင်ငံရဲ့ လက်ရှိအသုံးပြုသော စကားများ ကို လက်တွေ့ကျကျ သင်ကြားပေးပါသည်။
- EPS - TOPIK စာမေးပွဲအောင်ပြီးသော ကျောင်းသား၊ ကုမ္ပဏီ Calling ကျပြီးသော ကျောင်းသားများအတွက် အထူးသီးသန့်သင်တန်း

No.(214-B),1st Floor,Yangon-Insein Road,Hlaing,
Parami Branch
Ph : 09-31538136 - 09-31538217

ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီးနှင့် စံပြဈေးအနီး မြေညီထပ် (၂)ခန်းတွဲ ရောင်းမည်။ စီးပွားရေးလုပ်ရန် အလွန်နေရာကောင်းသည်။ **ဖုန်း-၀၉ ၂၅၀၀၁၈၄၁၃၊ ၀၉ ၂၅၀၀၈၄၇၄၄**

ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်ဦးစီး ဖွင့်လှစ်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ အာနာပါနသမထဝိပဿနာရက်(၆၀) တရားစခန်းကို ၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း(၁၄)ရက် ၁၈-၁၀-၂၀၁၃ရက်၌ စတင်ဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီ၊ သံဃာတော်၊ သီလရှင် အမျိုးသား၊ အမျိုးသမီးယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ်၊ သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့
ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၃၃၀၆၂၁၃၃၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၂-၅၇၂၅၃

(၂၆)ကြိမ်မြောက် ရက်(၃၀)တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထောက်ကြန့်တိုးဂိတ်အနီး ဘွက်ကြီးကျေးရွာရှိ အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာတွင် (၂၆)ကြိမ်မြောက် ရက်(၃၀) တရားစခန်းကို ၆-၁၀-၂၀၁၃ မှ ၄-၁၁-၂၀၁၃ အထိ ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ ဥပနိဿယဖြင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဇဝန (သာသနဓဇ)ဓမ္မာစရိယမှ ညွှန်ကြားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများ ၅-၁၀-၂၀၁၃ ရက် ညနေ ကျောင်းသို့ အရောက်လာကြပါရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါသည်။

ဖုန်းနံပါတ်များ -၀၉-၇၃၁၀၉၈၃၈၊ ၀၉ ၄၂၀၀၂၆၇၁၂၊ ၀၉-၇၃၁၄၃၄၇၄၊ ၀၉-၅၀၀၇၀၅၈

MARCOPOLO
TRAVELS & TOURS CO., LTD.

(၁) ဗုဒ္ဓဂယာ (သဲဗေဒနီယာ (၄) ဌာန) ၇ ညအိပ် ၈ ရက် (အထူးအစီအစဉ်)
(၂) စင်ကာပူ (မလေး) နိုင်ငံခရီးစဉ်
(၃) ကိုရီးယားခရီးစဉ်
(၄) ဂျပန်နိုင်ငံခရီးစဉ်
(၅) ဥရောပနိုင်ငံများခရီးစဉ်
(၆) ထိုင်း ...
(၇) မလေးရှား ခရီးစဉ်
(၈) ...

[illegible]

E-mail : info@marcopolotoursmyanmar.com
Website : www.marcopolotoursmyanmar.mm

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/နွယ်အေး)၊ မြေကွက်အမှတ်(ဂ/၉၆)၊ မြေကွက်တည်နေရာအမှတ် (၃၃၆)၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးအုန်းမောင်)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအုန်းမောင် (ဖခင်)နှင့် ဒေါ်ခင်ရွှေ(မိခင်)တို့ကွယ်လွန်သဖြင့် သားများဖြစ်ကြသော ဦးသန်းရှိန် [၁၂/ဒပန(နိုင်)၀၃၀၆၁၃၆]၊ ဦးမြင့်စိန်[၁၂/ သကတ (နိုင်)၁၁၁၄၄၁]ထံမှ GPရရှိသူ ဒေါ်သန်းသန်းလှ [၁၂/ဒပန(နိုင်)၀၃၃၅၄၁]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၆၈)၊ မြေကွက်အမှတ်(၁၀၇၀-ခ)အမည်ပေါက် ဒေါ်ရိုက်ယာဘီ [၁၂/သဃက(နိုင်)၁၄၅၂၆၀]ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးနေဝင်း [၁၂/သလန(နိုင်)၀၄၀၉၈၁]၏ လက်ဝယ်ရှိ ပါမစ်မူရင်းသည် ရုံးခွဲစာရင်းဝင်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ယနေ့ခေတ်မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း

(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြု၍)

လုပ်ငန်းခွင်သုံးလက်တွေ့ Practical Center တစ်ခုတိုက်ရိုက်ဖွင့် လှစ်ထားပါသည်။
အမှတ်စဉ် (၃၀) (၃၁) (၃၂) ပိုမိုစနစ်ကျသင်ခန်းစာများကို အောက်တိုဘာဥဒရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်
အကြိုမိတ်ဆက် (အခမဲ့) သင်တန်းကို အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ပါသည်။

မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။

Engine Doctor Engineering
No. 102, GFloor, 52nd st, Middle, Yangon, Tel 09 4211 444 95, 96, 97

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ သီရိပစ္စယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅/သီရိပစ္စယာ၊ ဦးပိုင်အမှတ်(၁က)ဧရိယာ(၀-၁၆၆)ဧက၊ ဦးပိုင်အမှတ်(၁-ခ)၊ ဧရိယာ(၀-၀၅၅)ဧက၊ ဦးပိုင်အမှတ်(၂)ဧရိယာ(၀-၁၂၁)ဧက၊ ဦးပိုင်အမှတ်(၃)ဧရိယာ(၀-၁၄၅)ဧက၊ ဦးပိုင်အမှတ်-၄၊ ဧရိယာ(၀-၁၆၅)ဧက၊ ဦးပိုင်အမှတ်(၇၃-ခ)၊ ဧရိယာ(၀-၁၇၅)ဧက၊ မြေတိုင်းရပ်ကွက်အမှတ်-၂-ရွှေလောင်း-W၊ ဦးပိုင်အမှတ်(၃၈-က)ဧရိယာ(၀-၀၅၈)ဧက၊ ဦးပိုင်အမှတ်(၃၉-က)ဧရိယာ(၀-၀၄၁)ဧက၊ နှစ်(၃၀) ဂရန်မြေကွက်များနှင့်ဦးပိုင်အမှတ်-၅၆ဧရိယာ(၀-၂၀၉)ဧက(စည်သူစားသောက်ဆိုင်)မြေစာရင်းပုံစံ(၁၀၅)ရှိ မြေကွက်များနှင့်ပတ်သက်၍-

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ အိမ်ခြံမြေကွက်များနှင့်ပတ်သက်၍ ဦးကျော်ထက်(ခ)ဦးခင်မောင်ဝင်း (၁၂/မရက(နိုင်) ၀၈၉၉၉၉၀) အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ... ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ... ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသန်းညွှန့်(ဥပဒေဘွဲ့) — တရားလွှတ်တော်ရှေ့နေ(၅၅၂၇)
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွန်းဝင်း(ဥပဒေဘွဲ့) — အထက်တန်းရှေ့နေ(၃၅၅၇၅)

အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၁၁၁၆၄၄၄

ကန့်ကွက်နိုင်ပါသည်။

[illegible]

ညွှန်ကြားချက်အရ
သင်းကြူနီး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၁ အခန်း- ၂၆၊ ... ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ... ၀၉-၅၀-၁၆၇၁၂ ၀၉-၇၃၀-၄၅၀၀၀၁

ADVENTURE MYANMAR
TOURS & INCENTIVES

အမှတ်-၂၇၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၂၉၀၁-၉၀၅
Email-admin @ adventuremyanmar.com

(1) Admin Manager M/F (1)Post
-Any graduate
-At Least 3 years experienced Admin & HR management
-4 skills of English
-Computer Literate

(2) Accountant M/F (3)Post
-B.Com, LCCI Level II or III
-At least 2 years experience in related field
-Knowledge of accounting software & windows application
-Knowledge of financial statement, management reporting, Internal control & Budgeting.

(3) Sales Executive M/F(2)Post
(4) Guest Relation Officer
For(3)&(4) M/F (1)Post
-Any graduate
-At least 2 years experienced in related field
-4 Skills of English, excellent computer skill
-Able to travel independently
-Good Personality

(5) Reservation Executive M/F(1)Post
-Any graduate
-At least 2 years experienced in related field
-4 Skills of English
-Computer Skill (MS office)

(၆) ယာဉ်မောင်း M(5)Post
-ပညာအရည်အချင်း-အခြေခံပညာအထက်တန်းဆင့်
-အတွေ့အကြုံ-အနည်းဆုံး(၃)နှစ်

(၇) ယာဉ်နောက်လိုက် M(3)Post
-ပညာအရည်အချင်း-အခြေခံပညာအလယ်တန်းဆင့်
-အတွေ့အကြုံ-အနည်းဆုံး(၂)နှစ်

(၈) မော်တော်ယာဉ်စက်ပြင် M(1)Post
ကားကြီး၊ ကားလေးပြင်ဆင်ရန် လုပ်ငန်းအတွေ့အကြုံရှိသူ

(၉) လုံခြုံရေးဝန်ထမ်း M(3)Post
-ပညာအရည်အချင်း-အခြေခံပညာအလယ်တန်းဆင့်

(၁၀) သန့်ရှင်းရေးဝန်ထမ်း F(1)Post
-လုပ်ငန်းအတွေ့အကြုံရှိသူ
-ကျန်းမာရေးကောင်းမွန်သူ

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ အမျိုးသားမှတ်ပုံတင်၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ အထက်ပါလိပ်စာအတိုင်း (သို့) E mail address အတိုင်း နှစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်-၁၆၊ အခန်း-၀၀၁(မြေညီထပ်)အားမူလပိုင်ရှင် ဒေါ်ကြူကြူဝင်းမှ တစ်ဆင့် ဦးအောင်ဒင်ထံမှ (၂၈-၁၂-၂၀၀၅)တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးမောင်မောင်တိုး[DNU-၀၀၇၂၇၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေသည် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအားပေးချေထားပြီးဖြစ်၍ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူသူထွန်း
LL.B, D.B.L, WIPO- Switzerland
အထက်တန်းရှေ့နေ(စဉ်-၃၂၂၂၀)
အမှတ်- ၇၂၄၊ သုမာလာ(၁၈)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၂၀)ရပ်ကွက်၊ ကျန်စစ်သားလမ်းအမှတ်(၆၁)ရှိ ဒေါ်ချိုချိုမြင့်(ခ)နန်းအေးရှိ ပါမစ်အမည်ပေါက် ပေ၄၀×ပေ၆၀ မြေနှင့်မြေပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အိမ်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အားလုံးအား ဆက်စပ်မူရင်းစာရွက်စာတမ်းစာချုပ်များအရ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်ထားသော ဦးအိုက်ခမ်းဖုန်း [၁၃/တခလ(နိုင်)၀၃၉၇၇၃]ထံမှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်စန်း[၁၂/မရက(N)၁၂၅၆၉၁]
ဖုန်း- ၀၉ ၇၃၂၃၀၃၅၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ အမှတ်(၃၈၁) ပေ၄၀×ပေ၆၀ ရှိ မြေကိုဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ထားသူ ဦးထွန်းလင်း[၁၂/ဥကပ(နိုင်)၁၄၆၈၈၀]၏ကိုယ်စားလှယ်လွှဲစာရရှိထား၍ ရောင်းချခွင့်ရှိသူ ဒေါ်စုစုကြည်[၁၂/ဥကပ(နိုင်)၀၀၇၈၁၈]ထံမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအားပေးချေ၍ ဝယ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက မူရင်းစာချုပ်များနှင့်အတူ(၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ယဉ်ယဉ်စန်း[၁၂/မရက(N)၁၂၅၆၉၁]
ဖုန်း ၀၉၇၃၂၃၀၃၅၁

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၄၃၆)၊ ဧရိယာ(၀. ၀၅၆) ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ ကတန်ကျွန်းလမ်း၊ အမှတ်(၄၃၆)ဟုခေါ်တွင်သော(၁)ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၁၃ ခုနှစ်၊ စာချုပ်အမှတ်(၃၃၇၈)ဖြင့် ပိုင်ဆိုင်ပါကြောင်း တင်ပြဝန်ခံရောင်းချသူ ဦးတင်အေး [၁၂/ဥကတ(နိုင်)၀၀၀၅၆၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)
အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၃၀၅၅၇၄၊ ၀၉ ၅၀၃၄၆၅၂၊ ၀၉ ၄၅၀၀၃၉၂၁၀

ဦးမင်းလွင်(ခ)ဦးသိန်းထွန်း(ခ)ဦးရဟင်း[၁၂/မဂတ(နိုင်)၀၀၂၆၃၃]နှင့် အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆-လမ်း၊ အမှတ်-၇(၅လွှာ/B)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သိန်း[၁၂/တမန(နိုင်)၀၇၇၃၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

